မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိုင်ယာလန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၅ ခုနှစ် မတ် ၁၇ ရက်နေ့တွင် ကျရောက်သည့် အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိုင်ယာလန်နိုင်ငံ သမ္မတ ဒေါက်တာမေရီ၊ မက်(ခ်)အလိ(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ အလှူငွေများပေးအပ်လှူဒါန်း

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၁၆

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ၏ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အမျိုးသားညီလာခံ ကျင်းပလျက်ရှိသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ညှိနှိုင်းခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်အားပေး

အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကြည်နှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ၊ အလှူရှင်များဖြစ်ကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူငွေပေးအပ်ပွဲအခမ်းအနား၌ အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့ အစည်းအဝေးများကျင်းပ အကြံပြုစာတမ်းများ ဖတ်ကြားဆွေးနွေးတင်ပြ

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၆

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးဖီးလစ်ဆမ်ကဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူကလည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၁၇ ရက်)

ဆည်မြောင်းတာတမံ ဘက်စုံစီမံကိန်းများ အကောင်အထည်ဖော် ပြည်သူများအကျိုးခံစားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မြင့်မားစေရန် ရေရရှိရေး လုပ်ငန်းများကို ဖန်တီး ဖော်ဆောင်ပေးလျက်ရှိသည်။

ယင်းသို့ ဖန်တီးဖော်ဆောင်ပေးရာတွင် မြန်မာနိုင်ငံအတွင်းရှိ ရေစီးဆင်းမှုအားကောင်းသည့် မြစ်ချောင်းများမှ ရေသယံဇာတများကို တန်ဖိုးရှိရှိ ရယူအသုံးချ၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေသာမက လျှပ်စစ်ဓာတ်အားများကိုပါ ထုတ်ယူရရှိနိုင်စေရန် တီထွင်ကြံဆ ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မတ်လ ၁၄ ရက်နေ့က ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းညွှန် မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်-

"ဆည်တမံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ အချိန်စောပြီးစီးရန် လိုအပ်သကဲ့သို့ စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ပြည်သူများ အမြန်ဆုံးခံစားနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စီမံကိန်း၌ အကျုံးဝင်ပါဝင်သော လုပ်ငန်းများကို တစ်ခုပြီးမှတစ်ခု ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ တစ်ချိန်တည်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို တစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျ တာဝန်ခွဲဝေ၍ ကြိုးပမ်း တည်ဆောက်ကြရန် ဖြစ်ကြောင်း"

မှာကြားသွားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဆည်မြောင်းတာတမံ ဘက်စုံစီမံကိန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ တစ်လလျှင် တစ်ဆည်ကျ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် တပ်မတော်အစိုးရလက်ထက်တွင် ဆည်တမံလုပ်ငန်း စုစုပေါင်း ၁၇၁ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ယင်းသို့ ဆည်တမံများကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် ဆည်လုပ်ငန်းများ ပြီးစီးမှုနှင့်အတူ ရေပေးဝေသည့် တူးမြောင်းစနစ်များကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုမည့် လျှပ်စစ်ပစ္စည်းများကိုလည်း ပြည်တွင်းမှာပင် ဖြစ်နိုင်သမျှ တီထွင်ထုတ်လုပ်နိုင်စေရန် ကြိုးပမ်းကြံဆဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ယခုအခါ ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိပြီး ရေလွှဲဆည်လုပ်ငန်းနှင့် ဆည်ရေသောက်စနစ်လုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်းလုပ်ငန်း၏ အကျိုးကျေးဇူးကြောင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ရရှိမည်ဖြစ်ပြီး လယ်မြေဧက ၁၁၀၀၀၀ ခန့်ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဟု သိရသည်။

ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးတို့က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၁၁၈၅၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၂၅မဂ္ဂါဝပ်ကိုပါ ထုတ်ယူရရှိမည် ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံစီမံကိန်းသည် ပွန်တန်ဆာလွင်ပြင် ဆည်အစုအဖွဲ့တွင်ပါဝင်ပြီး အဆိုပါဆည်အစုအဖွဲ့၌ ဘိုင်းဒါး၊ ကောလိယ၊ ဘောနီနှင့် ပျဉ်ပုံကြီးရေလှောင်တမံများ ပါဝင်ကာ စိုက်ပျိုးမြေဧက နှစ်သိန်းကျော်အတွက် အကျိုးပြုမည့် ဆည်အစုအဖွဲ့ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ လူမှုဘဝ အကျိုးရလဒ်ကောင်းများ ခံစားနိုင်မည့် ဆည်မြောင်းတာတမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် အချိန်စောပြီးစီးရေးအတွက် တာဝန်ရှိသူအားလုံးက အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အမျိုးသားရေးစရိုက်လက္ခဏာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် မတ် ၁၆

၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ဌာနမှူးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်း စေပြီး နိုင်ငံတော်၏တာဝန်များကို နှစ်သစ်တွင် စွမ်းအားပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှုမြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန် ဆိုသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်အတွင်း ရေပက်ခံသူများ၊ ရေကစားသူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်စေရေး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်စေရေး၊ သူတစ်ပါးဒုက္ခရာအနှောင့်အယှက်ဖြစ်စေပြီးအန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့်ရေကစားမှုများ မပြုလုပ်စေရေး၊ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို ကြိုးပမ်းမှုများမပြုလုပ်စေရေး တာဝန်ရှိသူများက စနစ်တကျပညာပေး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ ရေပက်မဏ္ဍပ်များအချိန်မီ ဆောက်လုပ်နိုင်ရေးအတွက်သက်ဆိုင်ရာဌာနများက ယခင်နှစ်များအတိုင်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်းနှင့် ၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို မွန်မြတ်သိမ်မွေ့သည့် ရိုးရာယဉ်ကျေးမှုအနှစ်သာရများ မပျက်ယွင်းစေဘဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကော်မတီများအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ အပြောအဆိုနှင့် ဝတ်စားဆင်ယင်မှုများ မရှိစေရေးအတွက် စည်းကမ်းများ သတ်မှတ်၍ စနစ်တကျ ပညာပေး အရေးယူဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ရေး ကော်မတီများ၊ဆပ်ကော်မတီများမှ တာဝန်ရှိသူများ အချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည့် အခြေအနေများကို ဖြည့်စွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကြည်က နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကိုဂုဏ်ပြု ကြိုဆိုသောအားဖြင့် အမျိုးသား ညီလာခံကိုယ်စားလှယ် များ နှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိုင်ယာလန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၅ခုနှစ် မတ် ၁၇ ရက်နေ့တွင် ကျရောက်သည့် အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိုင်ယာလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘာတီ၊ အဟန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသား ညီလာခံ ကိုယ်စားလှယ် များ နှင့် စေတနာရှင် အလှူရှင်များက အလှူငွေ များ ပေးအပ်လှူဒါန်းကြရာ စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်ညီထွန်းက လက်ခံယူစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အခမ်းအနားတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်၍ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အလှူငွေပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လှူဒါန်းငွေ ကျပ်သိန်း ၂၀ ကို အမျိုးသားညီလာခံကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကလည်းကောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဇေကမ္ဘာကုမ္ပဏီမှ ဒေါက်တာခင်ရွှေ၊ အမျိုးသားညီလာခံကိုယ်စားလှယ် ယုဇနဆောက်လုပ်ရေးမှ ဦးဌေးမြင့်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ် ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ ဦးဝင်းအောင်တို့က အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများ၏ကိုယ်စား ငွေကျပ်၁၀သိန်းစီတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကြည်က လက်ခံယူပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော အလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များဖြစ်ကြသည့် အရဏ်ဦးဆောက်လုပ်ရေးမှ ဦးဇော်ဝင်း၊ Tosta Group ဆောက်လုပ်ရေးမှ ဦးစိန်သစ်၊ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးတင့်ဆန်း၊ ရွှေကျားပျံဆောက်လုပ်ရေးမှ ဒေါက်တာဇော်ထွန်းနှင့် ဦးကျော်ညွန့်၊ တော်ဝင်ကုမ္ပဏီမှ ဦးကိုကိုထွေး၊ ရွှေကမ္ဘာဆောက်လုပ်ရေးမှ ဦးမောင်မောင်၊ အေဝမ်းဆောက်လုပ်ရေးမှ ဦးရန်ဝင်း၊ Golden Flower Co., မှ ဦးအောင်ထွေး၊ မောင်ဝိတ်မိသားစုကုမ္ပဏီမှ ဦးမောင်ဝိတ်၊ ကေဝိုင်ကျော်ကျော်ကုမ္ပဏီမှ ဦးကျော်ကျော်၊ ဖွံ့ဖြိုးအောင်ကုမ္ပဏီမှ ဦးဝင်းသိန်းနှင့် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ ဦးအောင်ဇော်ဝင်းတို့က ငွေကျပ်ငါးသိန်းစီ၊ Asia Express မှ ဦးမောင်မောင်နှင့် ဦးဝင်းစိန်၊ FMI မှ ဦးစိုးမြင့်၊ တက်လမ်းဆောက်လုပ်ရေးမှ ဦးရှိန်ဝင်း၊ ဝင်းရွှေရည်ကုမ္ပဏီမှ ဦးမျိုးဝင်း၊ Naing Group မှ ဦးကျော်နိုင်ဦး၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ ဦးကျော်ဝင်း၊ City Time မှ ဦးဘထွန်းနှင့် MMM ဆောက်လုပ်ရေးမှ ဦးကျော်မင်းတို့က ငွေကျပ်သုံးသိန်းစီ၊ အေးရိပ်မွန်ကုမ္ပဏီမှ ဦးသန်းမြင့် (အေးရိပ်မွန်)၊ Fortune International Ltd. မှ ဦးမြဟန်နှင့် High Rife ဆောက်လုပ်ရေးမှ ဦးသန်းမြင့်တို့က ငွေကျပ်နှစ်သိန်းစီ၊ မြန်မာ့အလှ ဆောက်လုပ်ရေးမှ ဦးမြတ်မင်း၊ MMG ဆောက်လုပ်ရေးမှ ဦးမောင်မောင်ကြီးနှင့် ခင်မောင်အေးဆောက်လုပ်ရေးမှ ဦးခင်မောင်အေးတို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကြည်၊ စစ်ရေးပြမှူးကြီးဗိုလ်မှူးချုပ်ညီထွန်းနှင့် စစ်ရေးပြလုပ်ငန်းအဖွဲ့ဝင် ဗိုလ်မှူးချုပ်အောင်ခင်စိုးတို့က အသီးသီးလက်ခံယူကြပြီး စေတနာရှင်အလှူရှင်များအားမှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စေတနာရှင် အလှူရှင်များကိုယ်စား အမျိုးသားညီလာခံကိုယ်စားလှယ် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဇေကမ္ဘာကုမ္ပဏီမှ ဒေါက်တာခင်ရွှေက အလှူငွေလှူဒါန်းရခြင်း၏အကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီကိုယ်စား စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့်စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

လှူဒါန်းငွေ

ယနေ့ကျင်းပသည့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ၏ အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၃၀ တို့၏ စုစုပေါင်းလှူဒါန်းငွေမှာ ကျပ် ၁၄၃ သိန်းဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၂၉ ဦးအနက် ကိုယ်စားလှယ်ပေါင်း ၂၈ ဦး တက်ရောက်ကြသည့်အတွက် ၉၆ ဒသမ ၅၅ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးဖီးလစ်ဆမ်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီးက လည်းကောင်း၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခင်က လည်းကောင်း၊ မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့မှ ဦးမောင်ကျော်ဦးက လည်းကောင်း၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲက လည်းကောင်း၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးယန်ကျင့်ကန်ကလည်းကောင်း ၎င်းတို့၏ ပါတီအဖွဲ့အစည်းများ၏ အကြံပြုချက်စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၅ တက်ရောက်ကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့်အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ ညှိနှိုင်းအစည်းအဝေး စတင်ကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အကြံပြုချက်စာတမ်းများကို ကယားပြည်နယ်မှ ဦးထွန်းအေးဟန်၊ စစ်ကိုင်းတိုင်းမှ ဦးမင်းသူနှင့် ဧရာဝတီတိုင်းမှ ဦးအောင်သိန်းထွန်းတို့က အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက်အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက တက်ရောက်လာကြသူ ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အိုင်ယာလန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၇

၂၀၀၅ခုနှစ် မတ်၁၇ရက်နေ့တွင် ကျရောက်သည့် အိုင်ယာလန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒါမော့(ထ်)အဟန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ၏ ပို့ကုန်ပစ္စည်းတင်ပို့မှု ၁၁ လအတွင်း ဒေါ်လာဘီလီယံ ၇၀ဖိုးရှိ

နယူးဒေလီ မတ် ၁၅

အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့ရောင်းချမှုသည် ပထမ ၁၁လအတွင်း ၂၇ ရာခိုင်နှုန်းတိုးတက်လာကာ အမေရိကန်ဒေါ်လာ ဘီလီယံ၇၀ဖိုးရှိကြောင်း၊ ယင်းတိုးတက်မှုသည် အိန္ဒိယနိုင်ငံ ပြည်ပကုန်သွယ်မှု၏ သမိုင်းမှတ်တမ်း တစ်ရပ်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး ခါမေလ်နတ်သ်က စနေနေ့တွင် ပြောကြားသည်။

ဖေဖော်ဝါရီလ တစ်လတည်း ပင်လျှင် ကုန်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆ဒသမ ၇ဘီလီယံဖိုးရှိကြောင်း၊ အိန္ဒိယစက်မှုထုတ်ကုန်များ ယှဉ်ပြိုင်မှုစွမ်းအားကြီးထွားလာပြီး အိန္ဒိယအစိုးရ၏ပို့ကုန် ဦးဆောင်မှု မဟာဗျူဟာ ကြီးထွားလာခြင်းကြောင့် ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်များတင်ပို့မှုမှ အမေရိကန် ဒေါ်လာ၇၅ ဘီလီယံ ရရှိမည်ဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍကို တင်ပို့ရောင်းချမှုအဖြစ် ပြောင်းလဲပြီးနောက် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း ခါမေလ်နတ်သ်က ပြောကြားသည်။

အဓိက ပို့ကုန်ပစ္စည်းများမှာ အဝတ်အထည်များဖြစ်ပြီး ပို့ကုန်၏ ၁၈ရာခိုင်နှုန်းရှိကြောင်း၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာပစ္စည်းများက ၁၆ရာခိုင်နှုန်းရှိပြီး စက်ပစ္စည်းများက ၁၆ရာခိုင်နှုန်း၊ ဓာတုဗေဒနှင့် ဆက်စပ်ထုတ်ကုန်များက ၁၅ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ဗင်နီဇွဲလား ထောက်ပံ့သွားမည်

ကရာကက်စ် မတ် ၁၅

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုရှာဗက်ဇ်က ကရာကက်စ် မြို့တွင် သောကြာနေ့၌ ပြောကြားလိုက်သည်။

ကမ္ဘာတွင်ရှိသော အခြားနိုင်ငံအချို့ကဲ့သို့ပင် အီရန်နိုင်ငံက နျူကလီးယားစွမ်းအင်ကို ဖွံ့ဖြိုးတိုးတက်မှုရှိရန် ပြုလုပ်နိုင်သည့်အခွင့်အရေးရှိကြောင်း ဗင်နီဇွဲလားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်သမ္မတ မိုဟာမက်ခါတာမီနှင့် နှစ်နိုင်ငံအကြားရေနံနှင့် စီးပွားရေးဆိုင်ရာစာချုပ်များ လက်မှတ်ရေးထိုးပြီးနောက် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရန်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံတို့၏ သတ္တု၊ လယ်ယာစိုက်ပျိုးရေး၊ ဘဏ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သဘာဝဓာတ်ငွေ့နှင့် ရေနံလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် သက်ဆိုင်ရာဝန်ကြီးများ လက်မှတ်ရေးထိုးကြသည်ကို နှစ်နိုင်ငံသမ္မတနှစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။

အီရန်သမ္မတခါတာမီသည် ဗင်နီဇွဲလားနိုင်ငံသို့ ပြီးခဲ့သည့် ကြာသပတေးနေ့က ရောက်ရှိလာပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် သုံးရက်ကြာ နေထိုင် လည်ပတ်မည် ဖြစ်သည်။ ခါတာမီသည် ခြောက်ရက်ကြာအလည်အပတ် ခရီးအဖြစ် ခရိုအေးရှားနှင့် ဘော့စနီးယား-ဟာဇီဂိုဗီးနားနိုင်ငံများသို့လည်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ဗင်နီဇွဲလားသို့ နောက်ဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကွန်ပျူတာအရောင်းဆိုင် တစ်ဆိုင်တွင် လီနိုဗိုကွန်ပျူတာနှင့် ပတ်သက်သော အချက်အလက်များအား ကြည့်ရှုနေသော အမျိုးသမီးတစ်ဦးကို မတ် ၁၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ရာသီဥတုပူနွေး၍ ဟိမဝန္တာရေခဲမြစ်များ အရည်ပျော် တရုတ်၊ အိန္ဒိယနှင့်နီပေါပြည်သူများ ရေရှားပါးမှုကြုံရဖွယ်ရှိ

ဂျီနီဗာ မတ် ၁၅

ဟိမဝန္တာဒေသတွင်ရှိသော ရေခဲမြစ်များသည် ကမ္ဘာ့ရာသီဥတုပူနွေးမှုကြောင့် အရည်ပျော်လျက်ရှိပြီး တရုတ်၊အိန္ဒိယနှင့်နီပေါပြည်သူများ ရေရှားပါးမှုကြုံရဖွယ်ရှိကြောင်း သဘာဝရေးရာ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (ဒဗလျူ ဒဗလျူအက်ဖ်)က တနင်္လာနေ့၌ သတိပေးလိုက်သည်။

ဖော်ပြ

ရေခဲမြစ်များသည် တစ်နှစ်လျှင် ပျမ်းမျှ ၁၀မှ ၁၅ မီတာနှုန်းဖြင့် ယခုအခါ ဆုတ်ယုတ်လျော့ကျနေကြောင်း အစီရင်ခံစာသစ်၌ ဒဗလျူ ဒဗလျူအက်ဖ်က ဖော်ပြထားသည်။

တိုးလာ

ယင်းသို့ရေခဲမြစ်များ အရည်ပျော်မှုကြောင့် ပထမ၌ မြစ်များတွင် ရေပမာဏတိုးလာမည်ဖြစ်၍ ရေလွှမ်းမိုးမှုများ ဖြစ်မည်ဖြစ်ကြောင်း ဒဗလျူ ဒဗလျူအက်ဖ်၏ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အစီအစဉ်ညွှန်ကြားရေးမှူး ဂျနီဖာမော်ဂန်က ပြောကြားသည်။

ပြောကြား

သို့သော်လည်း ဆယ်စုနှစ် အနည်းငယ်အကြာ၌ ယင်းအခြေအနေ ပြောင်းလဲသွားပြီး မြစ်များတွင်ရေမျက်နှာပြင် လျော့ကျသွားမည်ဖြစ်ရာ တရုတ်အနောက်ပိုင်း၊ နီပေါနှင့်အိန္ဒိယ မြောက်ပိုင်း၌ နေထိုင်သူများသည် စီးပွားရေးနှင့် ပတ်ဝန်းကျင် ပြဿနာများ အကြီးအကျယ်ကြုံရမည့်သဘော ဖြစ်ကြောင်း သူမကဆက်လက်ပြောကြားသည်။

ထိခိုက်

ရေခဲမြစ်များမှ စီးဆင်းသော ရေများ တစ်စထက်တစ်စ ဖြည်းဖြည်းချင်း လျော့နည်းသွားချိန်တွင် ရေအားလျှပ်စစ်စွမ်းအင်များလည်း လျော့သွားမည်ဖြစ်၍ စက်မှုလုပ်ငန်း၊ သီးနှံထွက်ရှိမှုများ ထိခိုက်မှုရှိမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

သြစတြေးလျနှင့် စင်ကာပူ လေကြောင်းပျံသန်းမှုပူးပေါင်း

စင်ကာပူ မတ် ၁၅

စင်ကာပူ လေကြောင်းလိုင်း (အက်စ်အိုင်အေ)နှင့် ကွင်းစလင်းပြည်နယ် အုပ်ချုပ်ရေးအဖွဲ့တို့သည် သြစတြေးလျနိုင်ငံတွင် နိုင်ငံတကာခရီးသွားများ လာရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း အက်စ်အိုင်အေက သောကြာနေ့တွင် ကြေညာသည်။

အဆိုပါ အဖွဲ့နှစ်ဖွဲ့သည် ကွင်းစလင်းသို့ ခရီးသွားများ ပိုမိုလာရောက်ရန်အတွက် အက်စ်အိုင်အေက ဝန်ဆောင်မှုများပေးရန် နားလည်မှုစာချွန်လွှာ(အမ်အိုယူ) တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုနှစ်တွင် နေ့စဉ်ခရီးစဉ်များ သုံးဆတိုးပျံသန်းရန် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းအမ်အိုယူအရ နှစ်ဦးနှစ်ဖက်မှ သြစတြေးလျဒေါ်လာတစ်သန်း (အမေရိကန်ဒေါ်လာ ၈၀၀၀၀၀) ရင်းနှီးမြှုပ်နှံကာ တရုတ်၊ ဂျာမနီ၊ ဂျပန်၊ မလေးရှားနှင့် ဗြိတိန်နိုင်ငံများကို ရည်မှန်းချက်ထား၍ ဈေးကွက်ရှာဖွေရန် ရင်းနှီးမြှုပ်နှံမည် ဖြစ်ကြောင်း သိရသည်။

စာချုပ်အရ လာမည့် ဧပြီလ ၁ ရက်မှစပြီး သုံးနှစ်အတွက် စာချုပ်ဖြင့် ဆောင်ရွက်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟီလ်လာ၌ လမ်းဘေးဗုံးပေါက်ကွဲ၊ ကန်ဝန်ထမ်းနှစ်ဦးသေဆုံး အီရတ် လုံခြုံရေးအစောင့်နှစ်ဦး ချိန်ကိုက်ဗုံးကြောင့်သေဆုံးရ

ဘဂ္ဂဒက် မတ် ၁၅

အမေရိကန် လုံခြုံရေးကန်ထရိုက်အလုပ်သမားနှစ်ဦးသည် အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ကြောင်း အမေရိကန်သံရုံးက တနင်္ဂနွေနေ့၌ ပြောကြားသည်။

ဘလက်ခ်ဝါးတားလုံခြုံရေး ကုမ္ပဏီမှ ဝန်ထမ်းနှစ်ဦးသည် ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ၁၀၀ခန့်ရှိ ဟီလ်လာမြို့သို့အသွားတွင် စနေနေ့ နေ့လယ်ပိုင်း၌ လမ်းဘေးဗုံး ပေါက်ကွဲထိမှန်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သံရုံးပြောခွင့်ရှိသူက ပြောကြားသည်။ ၎င်းတို့နှင့်အတူပါရှိသော တတိယမြောက်လူမှာ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

သေဆုံး

အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးမှာ ဘဂ္ဂဒက်မြောက်ဘက်၌ ချိန်ကိုက်ဗုံး တနင်္ဂနွေနေ့က ပေါက်ကွဲခဲ့ရာတွင် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ချိန်ကိုက်ဗုံးသည် ဘဂ္ဂဒက်မြောက်ဘက်ရှိဘာဂျီမြို့၏ အနောက်ဘက် ဆီနီယာမြို့တွင် အခြေစိုက်ထားသော အမေရိကန်စစ်အခြေစိုက်စခန်းအနီး အီရတ်အမျိုးသားလုံခြုံရေးအစောင့်တပ်ဖွဲ့၏ စစ်ဆေးရေးစခန်း၌ နံနက်ရှစ်နာရီဝန်းကျင်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီး သွားသော အမေရိကန်စစ်ယာဉ် တစ်စီးကို မတ် ၁၄ရက်က တွေ့ ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်လူမျိုးများ သေဆုံးသည့်စာရင်းကောက်ယူရန် အမေရိကန်နှင့် ဗြိတိန်ကို နိုင်ငံတကာကျန်းမာရေး ကျွမ်းကျင်ပညာရှင်များ တိုက်တွန်း

လန်ဒန် မတ် ၁၅

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် သေဆုံးရသည့် အီရတ်လူမျိုးများအရေအတွက်ကို စာရင်းကောက်ယူရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့အား နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး ကျွမ်းကျင်သူများက သောကြာနေ့၌ တိုက်တွန်းလိုက်သည်။

အမေရိကန်နှင့်ဗြိတိန်တို့ ယုံကြည်အားထားသော စစ်နှင့် ဆက်နွှယ်သည့် သေဆုံးအရေအတွက်သည် မကိုးစားလောက်ကြောင်း ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ စပိန်၊ အီတလီနှင့် သြစတြေးလျနိုင်ငံတို့မှ ကျွမ်းကျင်သူများ ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားပြီး ဗြိတိသျှလန်ဆက်ဆေးဂျာနယ်က သောကြာနေ့တွင် ကြေညာချက်၌ ဖော်ပြခဲ့သည်။

သေဆုံး

အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးသော သေဆုံးစာရင်းတွင် အမေရိကန်တို့အီရတ်ကို စစ်ပွဲစတင်ခဲ့ပြီးနောက် ပထမနှစ်အတွင်း သေဆုံးခဲ့သူများ မပါဝင်ခဲ့သည့်အပြင် စစ်ကြောင့်တိုက်ရိုက်မဟုတ်ဘဲ အကြမ်းဖက်မှုမဟုတ်သည့် သေဆုံးသူများကိုလည်း စာရင်းကောက်ယူခြင်း မပြုခဲ့ကြောင်း သိရသည်။

ပြောကြား

အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၄ခုနှစ် ဧပြီနှင့် အောက်တိုဘာအတွင်း ခန့်မှန်းခြေအရပ်သား ၄၀၀၀၀နီးကျင်ခန့် သေဆုံးပြီး ၁၅၀၀၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားသည်။

၂၀၀၃ခုနှစ်မတ်လ၌ အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်ကို စတင်ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး အီရတ်တွင် အရပ်သား ၉၈၀၀၀ခန့် သေဆုံးခဲ့ကြောင်း လန်ဆက်ဆေးဂျာနယ်က ပြီးခဲ့သည့် အောက်တိုဘာလ၌ ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်(၆၀)ပြည့် တပ်မတော်နေ့

အထိမ်းအမှတ်ပြသမည့် ပြန်ကြားရေးဝန်ကြီးဌာနပြခန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ်ပြသမည့် ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းနှင့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်း ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းအတွင်း၌ ခင်းကျင်းပြသထားသည့် နိုင်ငံတော်အကြီးအကဲ၏ သမိုင်းဝင်ဓာတ်ပုံများ၊ နိုင်ငံတော်၏ ပကတိ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပြန်ကြားရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်မှန်းချက်(၃)ရပ်ကို ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ကဏ္ဍအလိုက် ဆောင်ရွက်ချက်များ၊ အမျိုးသားစာပေဆုရ စာအုပ်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသည့် နိုင်ငံတော်မူဝါဒကို ထင်ဟပ်စေသော သမိုင်းဝင်မှတ်တမ်းစာအုပ်များအပါအဝင် ခင်းကျင်းပြသထားသည့် ပြကွင်း ပြကွက်များကို အသေးစိတ် ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များသည် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်း ပြခန်းရှိ ပြကွင်းပြကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ်ပြသမည့် ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း၊ ပြကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ အဆို၊အက၊အငြိမ့်များနှင့် ရုပ်ရှင်များဖြင့်ဖျော်ဖြေ

ရန်ကုန် မတ် ၁၆

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ အမှတ်(၁)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ထိုသို့ ဖျော်ဖြေရာတွင် ဇရာဝတီ ရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် မြဝတီ စင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယို တေးသံရှင်များက လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ မြဝတီ စစ်ကြောင်း၌ အမှတ်(၁) နယ်လှည့် ပြည်သူ့ ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိအနော်ရထာစစ်ကြောင်း၊ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ အမှတ် (၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊အက၊အငြိမ့်၊ဟာသများဖြင့်လည်းကောင်း၊တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ "ရင်ထဲက ဆောင်းရာသီ"မြန်မာရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်ရင်းရှိ ဆင်ဖြူရှင်စစ်ကြောင်း၌"မြင့်မြတ်နှလုံးသား" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊တပ်မတော် အရိုးကုဆေးရုံ ခုတင်(၅၀၀)ရှိ ဗန္ဓုလ စစ်ကြောင်း၌ "ဆန်ရေ"မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ဗဟုသုတဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင်များ၏ အရည်အသွေးမြင့်မားရေးနှင့် အထွေထွေဗဟုသုတများရရှိရေး ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ ဗဟုသုတ ဟောပြောပွဲကိုအပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနက ကြီးမှူး၍ အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ မတ် ၁၄ ရက် နံနက် ၁၀နာရီတွင်ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး၊အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဟောကြား

ရှေးဦးစွာ အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုးက နှုတ်ခွန်းဆက် စကားပြောကြားပြီး နိုင်ငံ့ဝန်ထမ်းအသိပညာရှင် ဒေါ်မျိုးနွယ် (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန)က မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်နေမှုများအကြောင်းကိုလည်းကောင်း၊ဒုတိယခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်မြင့်ကြည်(နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ်)က ကမ္ဘာ့ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူးဒေါ်နန္ဒာမွန်(ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန)က မြန်မာနိုင်ငံနှင့် အာဆီယံအသင်း ဆက်စပ်ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

စဉ်ဆက်မပြတ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည်အဖွဲ့ဝင်များအရည်အသွေးမြင့်မားတိုးတက်ရေးနှင့် ဗဟုသုတများ ရရှိစေရေးတို့အတွက် အလားတူဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သကြၤန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာ သက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာ အကျင့်မြတ်အလုပ်တရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက ရွှေတိဂုံ မြောက်ဘက် သွေးဆေးကန်ကျောင်းတိုက် ရတနာ့ဂုဏ်ရည်ကျောင်း ဆရာတော် ဦးနန္ဒဝံသ၏ ဩဝါဒကိုခံယူလျက် ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။တရားဝင်လိုသူယောဂီများ မတ် ၃၁ ရက် နောက်ဆုံးထား၍ အမှတ် (၂၉) စမ်းချောင်းလမ်းတွင် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၃၈၈၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရှင်းလင်း ဖြေကြား

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အခြားသိလိုသည့်အချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း သတင်းစာဆရာများက မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။

ILO°နှင့် စပ်လျဉ်း၍ NTVသတင်းဌာနမှ ဦးအောင်ရွှေဦး၏မေးမြန်းချက်

နီပွန် တယ်လီဗေးရှင်း(NTV) သတင်းဌာနမှ ဦးအောင်ရွှေဦးက မေးမြန်းစဉ်။ (သတင်းစဉ်)

"ILO°နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်(ကွန်ဗင်းရှင်း)နှင့် တိုက်တွန်းချက်ဆိုတာတွေရှိပါကြောင်း၊ ILO အဖွဲ့ဝင်နိုင်ငံတစ်ချို့ဆိုလျှင် လိုက်နာကျင့်သုံးသည့် ကွန်ဗင်းရှင်းမှာ ခုဂဏန်းလောက်သာရှိနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းတော်တော်များများကို လက်ခံပြီးတော့ အတည်ပြုထားတဲ့ နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံက ယင်းကွန်ဗင်းရှင်းများနှင့် စပ်လျဉ်း၍ လိုအပ်သောဥပဒေ ထုတ်ပြန်မှု၊ ယင်းဥပဒေများကို အကောင်အထည်ဖော်ရန်အတွက်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု အစရှိသဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်ကို အခိုင်အမာ ရှင်းလင်းတင်ပြသွားပါကြောင်း၊ ယခုရှင်းပြချက်များကို ပြန်ကြည့်လျှင် ၎င်း၏ ဖွဲ့စည်းပုံ စည်းမျဉ်းမူဘောင်ကို ကျော်လွန်ပြီး ILO က လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း၊ ယခုသတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘက်မှ ခိုင်ခိုင်မာမာရှင်းပြသွားသည်ကို တွေ့ရသည့်အတွက် ယင်းကဲ့သို့ ခိုင်ခိုင်မာမာ ရှင်းပြချက်များဖြင့် ILO သို့ အကြောင်းပြန်ပြီးမပြီး သိလိုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံအပေါ် ကွန်ဗင်းရှင်း(၂၉)အရ ဘာဖြစ်တယ်၊ ဘယ်လိုဘာညာဆိုပြီးတော့ ပြောတာများလာသည့်အတွက် ယင်းကဲ့သို့သော ILO ကွန်ဗင်းရှင်းမျိုးမှ ပြန်လည် နုတ်ထွက်ခွင့်ရမရ သိလိုပါကြောင်း"

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၏ ရှင်းလင်းဖြေကြားချက်

"ILO°နှင့် ဆောင်ရွက်ရာတွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ILO° ပြဋ္ဌာန်းချက်အမှတ်(၂၉)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို စာတမ်းပြုစုကာ **အဓမ္မခိုင်းစေမှုဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ်(၂၉)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ILO နှင့်ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာစာတမ်း** ခေါင်းစဉ်ဖြင့် ILO သို့ လည်းကောင်း၊ မြန်မာနိုင်ငံသို့လာရောက်သော ILO ကိုယ်စားလှယ်အဖွဲ့များကိုလည်းကောင်း၊ ILO အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သည့် နိုင်ငံများမှ ကိုယ်စားလှယ်များကိုလည်းကောင်း ပေးပို့ဖြန့်ဝေ အသိပေးထားပြီးဖြစ်ပါကြောင်း၊ ILOဌာနေကိုယ်စားလှယ်ထံမှ ပေးပို့သော စွပ်စွဲချက် ၅၀အနက်မှ ၄၈ ခုကို အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်းကိုလည်း အဆိုပါစာတမ်းတွင် ထည့်သွင်းဖော်ပြထားကြောင်း၊ ကျန်နှစ်ခုကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း"

"ဒုတိယမေးခွန်းကို ဖြေကြားရလျှင် ILO ကွန်ဗင်းရှင်း(၂၉)ကို အဖွဲ့ဝင် နိုင်ငံများအနေဖြင့် လက်မှတ်ရေးထိုးချိန်မှ ၁၀နှစ်ကြာပြီးနောက်ထပ်ငါးနှစ်ပြည့်လျှင် နုတ်ထွက်နိုင်ခွင့်ရှိကြောင်း၊ သို့ရာတွင် ရှေးအစဉ်အဆက်ကပင် ILO°နှင့် ပူးပေါင်းဆောင်ရွက်သည့် အစဉ်အလာရှိကြောင်းကို လက်တွေ့ပြသည့်အနေဖြင့် ILO နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ILO ၏ စွပ်စွဲချက်အားလုံးကို လေ့လာဆန်းစစ်ကြည့်လျှင် အဓမ္မခိုင်းစေမှုမမြောက်သည်များကို တွေ့ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အလာအရ မိသားစုအသွင်ဖြင့် စုပေါင်းဝိုင်းဝန်းလုပ်ဆောင်မှုများ ရှိခဲ့ပါကြောင်း၊ ဘိုးဘွားဘီဘင်မှစပြီး တစ်ဦး၏အိမ်ပြင်လျှင် တစ်ဦးကဝိုင်းကူမှု၊ လက်စားလိုက်စနစ်ဖြင့် လယ်မြေများ စုပေါင်းထွန်ယက် ပျိုးနုတ်ကောက်စိုက်ပျိုးမှုများသည် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအဖြစ် နှစ်ပေါင်းထောင်နှင့်ချီပြီး လုပ်ဆောင်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ မြို့ကိုတက်သည့်လမ်းများစသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အားလုံးစုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ စုပေါင်းလုပ်ဆောင်မှုအားလုံးကို လူတိုင်းက ကိုယ်ပိုင်အသိစိတ်ဓာတ်၊ စိတ်စေတနာ ပြဋ္ဌာန်းချက်ဖြင့် လုပ်ခဲ့တာဖြစ်ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း

ရှင်းလင်း ဖြေကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ခြောက်သောင်းကျော်ရှိနေရာ အများအကျိုးအတွက် လမ်းဖောက်၊ တံတားဆောက်စသည်ဖြင့် ပူးပေါင်းလုပ်ဆောင်ကြရာ၌ အောက်ခြေအဆင့်ဖြစ်သည့် အချို့ကျေးရွာတာဝန်ရှိသူတို့၏ ဆက်ဆံရေးညံ့မှု၊ လုပ်နည်းလုပ်ဟန် မကျွမ်းကျင်မှုတို့ကို အကြောင်းပြုပြီး ILO က အဓမ္မခိုင်းစေမှု ခေါင်းစဉ်တပ်၍ စွပ်စွဲလာခြင်းဖြစ်ကြောင်း၊ စွပ်စွဲချက်များကို စစ်ဆေးခဲ့ရာတွင် အားလုံးလိုလို ကျေးရွာအဆင့်ကပင် ဖြစ်နေကြောင်း၊ ယင်းကဲ့သို့ ကျေးရွာခြောက်သောင်းအနက်မှ လက်ချိုးရေ၍ရသည့် ကျေးရွာအချို့၏ ကျေးရွာအဆင့် ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာကို နိုင်ငံတော်အဆင့်အထိရောက်အောင် ILOက စွပ်စွဲချက်များ တင်လာပြီး ဖိအားပေးနေခြင်းဖြစ်ကြောင်း"

ILOနှင့်စပ်လျဉ်း၍ မြန်မာတိုင်း(မ်)ဂျာနယ်မှ ဒေါ်နွယ်နွယ်အေး၏ မေးမြန်းချက်

"ယခုနှစ် နှစ်ဆန်းလောက်က အဓမ္မခိုင်းစေမှုရှိသည့် အချို့သောကျေးရွာမှ တာဝန်ရှိသူအချို့ကို အရေးယူအပြစ်ပေးမှုတွေ ရှိခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း၊ ယင်းကဲ့သို့ အရေးယူ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အချို့ကို သိရှိလိုပါကြောင်း"

မြန်မာတိုင်း(မ်)ဂျာနယ်မှ ဒေါ်နွယ်နွယ်အေးက မေးမြန်းစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၏ ရှင်းလင်းဖြေကြားချက်

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၃၇၄)ဖြင့် စွပ်စွဲချက်ခြောက်ခုရှိကြောင်း၊ ယင်းခြောက်ခုစလုံးကို အရေးယူပြီးဖြစ်ကြောင်း၊ ဥပမာတစ်ခုကို ရှင်းပြရလျှင် တောင်ကုတ်မြို့နယ် ဘူးရွှေမော်ကျေးရွာ၌ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စုပေါင်းပြီးတော့ ကျေးရွာဆည်ငယ်ဆောက်ခဲ့ကြကြောင်း၊ ယင်းသို့ အားလုံးသဘောတူညီမှုဖြင့် စုပေါင်းလုပ်ဆောင်ရာတွင် အချို့က ကိုယ်တိုင်ပါဝင်မလုပ်ဘဲ လုပ်သားငှားရန် အခကြေးငွေထည့်ဝင်ခဲ့ကြောင်း၊ ယင်းသို့ ထည့်ဝင်ထားသော အခကြေးငွေဖြင့် လုပ်သားမငှားဘဲ ကျေးရွာကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ၎င်းငွေများကို ကိုယ်ကျိုးအတွက်သုံးသဖြင့် မခံမရပ်နိုင်၍ တိုင်ကြားလာခြင်း ဖြစ်ကြောင်း၊ ထိုကျေးရွာဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို အရေးယူအပြစ်ပေးခဲ့ပြီး ဖြစ်ကြောင်း"

"နောက်ဥပမာတစ်ခုပြရလျှင် တမူးမြို့နယ်၌ ကျွန်းစိုက်ခင်းထူထောင်ရန်အတွက် သက်ဆိုင်ရာဌာနက ကျေးရွာအချို့မှ အလုပ်သမားများ ငှားရမ်းခဲ့ကြောင်း၊ ကျေးရွာခြောက်ရွာ၊ ခုနစ်ရွာတွင် လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွမ်းတောင်းကျေးရွာနှင့် နန့်ဖာလုံကျေးရွာတို့မှလည်း အလုပ်သမားများငှားရမ်းခဲ့ကြောင်း၊ တာဝန်ယူငှားရမ်းသူတောအုပ်ကြီးသည် လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ခငွေများကိုတစ်ဝက်တစ်ပျက်သာပေးထားပြီး အခြားတစ်မြို့နယ်သို့ ပြောင်းရွှေ့သွားကြောင်း၊ ယင်းသို့ပြောင်းရွှေ့သွားစဉ် ပေးချေရမည့်ငွေများကို အပြည့်အဝပေးချေမသွားသဖြင့် အတိုင်ခံရခြင်းဖြစ်ကြောင်း၊ ကွင်းဆင်းစစ်ဆေးခဲ့ရာ၌ အလွဲသုံးစားလုပ်ကြောင်း ထင်ရှားသဖြင့် ၎င်းတောအုပ်ကြီးကို အရေးယူ အပြစ်ပေးပြီးဖြစ်ကြောင်း"

နိုင်ငံတော်အစိုးရနှင့် KNUတွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ အင်န်အိပ်ချ်ကေ သတင်းဌာနမှ ဦးခင်မောင်မြင့်၏ မေးမြန်းချက်

"အားတက်စရာဟု မိမိယူဆသည့် သတင်းတစ်ခုကို မေးလိုပါကြောင်း၊ အချို့က သို့လောသို့လော တွေးတောနေကြကြောင်း၊ အမျိုးသားညီလာခံကြီး ခြိမ့်ခြိမ့်သဲသဲကျင်းပနေချိန်တွင် ရှမ်းပြည်နယ်မှ လူတစ်ချို့ကို ဖမ်းဆီးခဲ့ခြင်းအပေါ် သဘောမပေါက်ကြ၍ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီး ယခုရှင်းပြသွားသည့်အတွက် ရှင်းရှင်းလင်းလင်း သိရှိလိုက်ရပါကြောင်း၊ ၎င်းတို့၏ ရည်ရွယ်ချက်တွေကိုလည်း သိလိုက်ရပါကြောင်း၊ ယခုကဲ့သို့ အချိန်နှင့်တစ်ပြေးညီရှင်းပြခြင်းသည် တိုင်းပြည်အတွက် အကျိုးရှိပါကြောင်း၊ ထို့ကြောင့်လည်း ပြည်သူတစ်ရပ်လုံး နားလည်သဘောပေါက်ကြမည် ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကလည်း မကြာသေးခင်ကပင် ရှင်းလင်းပြောကြားသွားပါကြောင်း၊ အမျိုးသားညီလာခံတွင် ညှိနှိုင်းဆွေးနွေးမှုများ၊ စုံညီစည်းဝေးဆုံးဖြတ်မှုများကို အောင်မြင်စွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေသည်ဟု ပြောကြားခဲ့ပါကြောင်း၊ အလွန်ဝမ်းသာစရာကောင်းသော သတင်း ဖြစ်ပါကြောင်း၊ ယင်းသို့ အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်မြင့်တင် ကျင်းပနေချိန်တွင် တစ်ဖက်က ကေအင်န်ယူအဖွဲ့ကလည်း နိုင်ငံတော်အစိုးရနှင့် ဆွေးနွေးရန် မော်လမြိုင်ကို ထွက်သွားပြီဆိုသည့် သတင်းများ ကြားရပါကြောင်း၊ ထိုသတင်းမှန် မမှန်နှင့် ကေအင်န်ယူနှင့် အပြစ်အခတ်ရပ်စဲမှုအနေဖြင့် လည်းကောင်း၊ ဆွေးနွေးပွဲအနေဖြင့် လည်းကောင်း အခြေအနေမည်မျှအထိ ရှိနေပါသလဲ၊ တိုးတက်မှု အလားအလာ ရှိပါသလား၊ ရှိနေပြီဆိုလျှင် အလွန်ဝမ်းသာစရာ သတင်းများဖြစ်ပါ၍ သိခွင့်ရလျှင် သိရှိလိုပါကြောင်း"

အင်န်အိပ်ချ်ကေ သတင်းဌာနမှ ဦးခင်မောင်မြင့်က မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းဖြေကြားချက်

"မြန်မာနိုင်ငံသား သတင်းသမားတစ်ဦးအနေဖြင့် နိုင်ငံနှင့် လူမျိုးအတွက် အားတက်ဖွယ်သတင်းကောင်းများကို စိတ်ပါဝင်စားအလေးထားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် KNU°တို့ အမြဲတိုက်ရိုက်အဆက်အသွယ် ရှိပါကြောင်း၊ မော်လမြိုင်မှာလည်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် KNU ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးလျက်ရှိပါကြောင်း၊ တိုးတက်မှုများရှိပါကြောင်း"

SNLD ဥက္ကဋ္ဌ အရေးယူခံထားရခြင်းနှင့်စပ်လျဉ်း၍ ဖူဂျီတီဗွီမှ ဦးညွန့်တင်၏ မေးမြန်းချက်

ထို့နောက် ဖူဂျီတီဗွီမှ ဦးညွန့်တင်က မေးမြန်းရာတွင် "SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးတို့ အရေးယူခံထားရခြင်းနှင့် ပတ်သက်ပြီး ရှေ့နေငှားခွင့်မရဘူး၊ တရားခံနှင့် တွေ့ခွင့်မရဘူးဟု ပြင်ပတွင် ကြားနေရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီးအဖြစ်မှန်ကိုသိလိုပါကြောင်း"

ဖူဂျီတီဗွီ သတင်းဌာနမှ ဦးညွန့်တင်က မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းဖြေကြားချက်

"ဦးခွန်ထွန်းဦးအနေဖြင့် တရားရုံးချုပ်ရှေ့နေနှစ်ဦး ငှားရမ်းထားပါကြောင်း၊ အကယ်၍ အမှုသည် ကာယကံရှင်ကိုယ်တိုင်က ရှေ့နေငှားရမ်းခြင်း မပြုနိုင်ပါကလည်း နိုင်ငံတော်အစိုးရက လုပ်ထုံးလုပ်နည်းနှင့်အညီ တရားရုံးချုပ်ရှေ့နေများကောင်စီနှင့် ဆက်သွယ်စီစဉ် ငှားရမ်းပေးပါကြောင်း၊ ဦးခွန်ထွန်းဦးနှင့် သူငှားရမ်းထားသည့် တရားရုံးချုပ်ရှေ့နေနှစ်ဦးတို့သည် ၁-၃-၂၀၀၅ရက်နေ့ ရုံးချိန်းတွင်အမှုနှင့် ပတ်သက်ပြီး ဆွေးနွေးနေသည့် ဓာတ်ပုံမှတ်တမ်းများလည်း ရှိကြောင်း၊ စိတ်ကြိုက်ဆွေးနွေးခွင့်ပေးထားပါကြောင်း၊ ရှေ့နေငှားရမ်းရန်အတွက် ကာယကံရှင်ကိုယ်တိုင် ငှားမည်၊ မငှားမည်ကို လက်မှတ်ရေးထိုး၍ ကာယကံရှင်အလိုကျ ရှေ့နေငှားရမ်းခြင်းကိစ္စ ပြီးစီးပါက တရားခွင်၌ ပါဝင်ရကြောင်း၊ ယင်းကိစ္စအားလုံးကို ဦးခွန်ထွန်းဦး ကိုယ်တိုင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကာယကံရှင်က သဘောတူခွင့်ပြုမှု မရှိလျှင် ရှေ့နေကို အမှုသည်ကာယကံရှင်၏ဇနီး၊ ခင်ပွန်းတို့ပင် ငှားရမ်းပေး၍ မရပါကြောင်း၊ ယခုပြင်ပမှာ ဖြစ်ပေါ်နေသည့်သတင်းများအရ ရှေ့နေလိုက်ရန်ဆိုပြီးရောက်လာသည့် ရှေ့နေသုံးဦးသည် ကာယကံရှင်က ငှားရမ်းထားခြင်း မဟုတ်သည့်အတွက် တရားမဝင်ကြောင်း၊ ၎င်းတို့အနေဖြင့် တရားဥပဒေကို နားလည်သူများဖြစ်ပါလျက် အခုလိုပြင်ပ၌ တရားမဝင်ပြောဆိုနေခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေနှင့်အညီ တရားခံ ရသင့်သည့် အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း"

အဆာဟိရှင်ဘွန်း သတင်းစာမှ ဦးတင်မောင်အေး၏ မေးမြန်းချက်

"ဦးခွန်ထွန်းဦးတို့ကို ရုံးထုတ်နေပြီဟု သိရပါကြောင်း၊ မည်သည့်နေ့က စတင်ရုံးထုတ်ကြောင်းနှင့် မည်သည့်ပုဒ်မဖြင့် စွဲချက်တင်မည် ဆိုသည်ကို သိလိုပါကြောင်း"

စာမျက်နှာ ၇ ကော်လံ ၁

အဆာဟိရှင်ဘွန်းသတင်းစာမှ ဦးတင်မောင်အေးက မေးမြန်းစဉ်။ (သတင်းစဉ်)

17-3 (06).p65 1 3/24/05, 5:27 PM

စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ဖြေကြားချက်

"မတ်လ ၁၂ရက်က စတုတ္ထမြောက် ရုံးချိန်းဖြစ်ကြောင်း၊ ဦးခွန်ထွန်းဦးကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ၊ ၁၉၄၇ခုနှစ် နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေတို့အရ အရေးယူထားပြီး စစ်ဆေးပေါ်ပေါက်ချက်များအပေါ် မူတည်ပြီး ဆက်လက်အရေးယူမှာဖြစ်ကြောင်း၊ ထို့အပြင် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေသော ကိစ္စရပ်များနှင့်လည်း ငြိစွန်းမှုရှိနေပါကြောင်း"

မိုက္ကရိုစာအုပ်များနှင့်စပ်လျဉ်း၍ ဖူဂျီတီဗွီသတင်းဌာန ဦးညွန့်တင်၏ မေးမြန်းချက်

"မိုက္ကရိုစာအုပ်များကို ရန်ကုန်မြို့မှာသာ ဖမ်းတာလား၊ မန္တလေး၊ မော်လမြိုင်စသည့် အခြားမြို့တွေမှာရော ဖမ်းဆီးမှုရှိ မရှိ သိလိုပါကြောင်း"

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ဖြေကြားချက်

"တိုင်းနှင့်ပြည်နယ်အားလုံးတွင် ဖမ်းဆီးခြင်းဖြစ်ပါကြောင်း"

လိုင်စင်မဲ့ကားများနှင့် စပ်လျဉ်း၍ ယူမီယူရီရှင်ဘွန်းသတင်းစာမှ ဦးကိုကို၏ မေးမြန်းချက်

"လိုင်စင်မဲ့ကား ယနေ့အထိ ဘယ်နှစီးသိမ်းဆည်းရမိပါပြီလဲ၊ မတ်လ ၃၁ရက်နေ့နောက်ပိုင်းမှာရော ဘယ်လိုလုပ်မှာလဲ"

ယူမီယူရီရှင်ဘွန်းသတင်းစာမှ ဦးကိုကိုက မေးမြန်းစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းဖြေကြားချက်

"ယနေ့ ၁၅-၃-၂၀၀၅ရက်နေ့အထိ အပ်နှံပြီးအရေအတွက်မှာ ၃၈၉၃စီးဖြစ်ကြောင်း၊ သတ်မှတ်ကာလ မတ်လ ၃၁ရက်နေ့နောက်ပိုင်း၌ အပ်နှံခြင်းမရှိသော လိုင်စင်မဲ့ယာဉ်များကို ကြေညာထားသည့်အတိုင်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ တရားမဝင်မော်တော်ယာဉ်များကို တစ်စစီဖြုတ်ပြီး ဖျောက်ဖျက်ခြင်းမပြုရန် ကြိုတင်အသိပေးထားသော်လည်း အချို့ကလိုက်နာမှုမရှိသည့်အတွက် အရေးယူရခြင်းများလည်းရှိကြောင်း၊ ၁၉-၃-၂၀၀၅ရက်နေ့က ကမာရွတ်မြို့နယ်ရှိ ဦးထွန်းထွန်းဆိုသူ၏ ဂိုဒေါင်အတွင်း ဇော်လတ်နှင့် အောင်မြင့်မြတ်တို့နှစ်ဦးကို လိုင်စင်မဲ့စူပါရ(ဖ်)ဖင်ကောက် အဖြူရောင်ယာဉ်အား တစ်စစီဖြုတ်တောက်နေစဉ် ဖမ်းဆီးရမိသည့်အတွက် သုံးဦးစလုံးကို ကမာရွတ်ရဲစခန်းက သွင်းကုန်ထုတ်ကုန်ဥပဒေပုဒ်မ ၅(၁)/၅(၃)တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း၊ ထို့အပြင် သက်သေခံပစ္စည်း ဖျောက်ဖျက်မှု ပုဒ်မ(၂၀၁)အရပါ အရေးယူသွားမှာဖြစ်ပါကြောင်း"

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် အမှုဆောင်များစီမံခန့်ခွဲရေးသင်တန်းနှင့် စုပေါင်းနွေရာသီသင်တန်းဖွင့်ပွဲသို့တက်ရောက်

ရန်ကုန် မတ် ၁၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မတ် ၁၁ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂)နှင့် စုပေါင်းနွေရာသီသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင် ကျင်းပသည့် နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ထာဝရသွေးလှူရှင်အဆိုပြုလွှာ ပေးအပ်ပွဲနှင့် သွေးလှူဒါန်းပွဲအခမ်းအနားကိုကျင်းပရာ ဗဟိုအတွင်းရေးမှူးက အမှာစကားပြောကြားပြီး ပြည်နယ်အသင်း အတွင်းရေးမှူးက ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ထာဝရသွေးလှူရှင်အဆိုပြုလွှာ ၂၇၉၁ စောင်ကို သွေးလှူဘဏ် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုလေးအား ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် (၃၆)ကြိမ်အထက် သွေးလှူဒါန်းခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ခုနစ်ဦးအားခရိုင်အသင်းအတွင်းရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေများချီးမြှင့်ပြီး သွေးလှူဒါန်းပွဲကို မြစ်ကြီးနားမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာတိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် အသင်းဝင် ၅၀အား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ဗဟိုအတွင်းရေးမှူးက မြစ်ကြီးနားသွေးလှူဘဏ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ရဟန်းနှင့် ရှင် ၁၃၅ ပါး စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဗဟိုအတွင်းရေးမှူးသည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် ဂါးရာယန်ကျေးရွာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျေးရွာအသင်းစည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်ရာ ဗဟိုအတွင်းရေးမှူးက လက်ခံပြီး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် မတည်ငွေများလှူဒါန်းကာ ကျေးရွာစာသင်ကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးနှင့်အဖွဲ့သည် ဒေါ့ဖုန်းယန်မြို့ မံမော်ကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး မံမော်နှင့် မံသဲကျေးရွာတို့မှ ဒေသခံများ၊ အသင်းဝင်များ၏ တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးဖြည့်ဆည်းပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် အသင်းဝင်အဆိုပြုလွှာများကို မံမော်နှင့်မံသဲကျေးရွာအသင်း စည်းရုံးရေးမှူးများက ပေးအပ်ရာ ဗဟိုအတွင်းရေးမှူးကလက်ခံပြီး ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများအတွက်အလှူငွေများပေးအပ်လှူဒါန်း၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဗဟိုအတွင်းရေးမှူးသည် မတ် ၁၄ ရက်နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကျိုးမြို့မတရားစခန်းပွဲ

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဘုရားကြီးလမ်း ရေကျိုးမြို့မကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ၁၀ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဆရာတော် ဦးသုမန ဖုန်း-၆၅၁၃၈၅သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအမှတ် (၁/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၁ရက်က သာကေတမြို့နယ်ခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်တပေါင်းလဆန်း ၈ရက် (ဥပုသ်နေ့)
၁၇-၃-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀	၆။	အကပဒေသာ
၈း၂၀	၇။	စွန်ချောင်းရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	တေးဂီတအစီအစဉ်
၁၇း၃၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၄၅	၈။	အတီးပြိုင်ပွဲ
၁၇း၅၅	၉။	**"အားနာလိုက်တာ"** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် ဒါရိုက်တာ-ဇောစန္ဒာလှိုင်
၁၈း၀၅	၁၀။	တေးဂီတအစီအစဉ်
၁၈း၁၅	၁၁။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၂၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ"(အပိုင်း-၁၅)
၁၉း၂၀	၁၅။	နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅	၁၆။	အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **"နှောင်းတမြေ့မြေ့"(အပိုင်း-၁)** စိုးသူ၊ ရန်အောင်၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-သက်မောင်မောင်)
	၂၁။	မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

သံတမန်ရေးရာသင်တန်းသားများ ကျောင်းဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် မတ် ၁၆

အခြေခံသံတမန်ရေးရာသင်တန်း ၉/၂၀၀၃(နံနက်ပိုင်း)သင်တန်းသားသင်တန်းသူများသည် မတ်၁၂ရက်က သာကေတမြို့နယ် ဇေယျဝဏ်လမ်းမကြီးရှိ ဂန္ဓဝါစကပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အရိယဓမ္မထံ ကျောင်းဆောက်ရန် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

(က-ပ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၆

နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ သတ္တမနေ့အဖြစ် ယနေ့နံနက် ၉ နာရီက ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့်ပြိုင်ပွဲသို့ လှိုင်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို မတ် ၁၉ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စစ်မှုထမ်းအဖြစ် အသက် ၁၈ နှစ်ပြည့်ပြီးသူများကိုသာ လက်ခံစုဆောင်းရမည်ဟု အတိအလင်းပြဋ္ဌာန်းထား သတ်မှတ်ပြဋ္ဌာန်းချက်မလိုက်နာဘဲ အဓမ္မစုဆောင်းသူများအား စစ်စည်းကမ်းအရ အရေးယူလျက်ရှိ

● ကျော်ဖုံးမှ

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကုလသမဂ္ဂတွင် တင်သွင်းသည့်အစီရင်ခံစာတစ်စောင်၌ ကမ္ဘာပေါ်တွင် ကလေးစစ်သားများအသုံးပြုနေကြောင်း၊ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ မှားယွင်းသောအချက်အလက်များပေါ် အခြေခံပြီးဖော်ပြသွားကြောင်း။

အထူးအလေးပေးတန်ဖိုးထား

မြန်မာမှုနယ်ပယ်တွင် ကလေးသူငယ်များကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ သားရတနာ၊ သမီးရတနာအဖြစ် အထူးအလေးပေးတန်ဖိုးထားပြီး မေတ္တာရေးရှု ပြုစုစောင့်ရှောက်သည့် ကြီးမားသော အစဉ်အလာရှိကြောင်း၊ မြန်မာနိုင်ငံသည် ရိုးရာဓလေ့အရ မိသားစုများစုပေါင်း နေထိုင်သည့် နိုင်ငံမျိုးဖြစ်ခြင်းကြောင့် မိဘများသာမက အဘိုးအဘွားများနှင့် ဆွေမျိုးများကပါ ကလေးသူငယ်များကို ဝိုင်းဝန်းပြုစုထိန်းသိမ်းစောင့်ရှောက်ပေး လျက်ရှိကြောင်း၊ ထို့အတူပင် မြန်မာနိုင်ငံသားတိုင်းကို မွေးဖွားသည်မှစပြီး သေဆုံးသည်အထိ ကျန်းမာရေးဝန်ကြီးဌာနကလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနကလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက လည်းကောင်း၊ အသက်အပိုင်းအခြားအရ သက်ဆိုင်ရာ မှတ်တမ်းများတွင် စနစ်တကျမှတ်တမ်းတင်ခြင်း၊ သက်သေခံ အထောက်အထားလက်မှတ်များ ထုတ်ပေးခြင်းကို လုပ်ထုံးလုပ်နည်းစနစ်များအတိုင်း ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူညီချက်စာချုပ်(UN Convention on the Rights of the Child)ကို ၁၉၉၁ခုနှစ် ဇူလိုင်လ ၁၆ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏ အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကလေးသူငယ် ဥပဒေကို ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြောင်း၊ ထိုဥပဒေကို လေ့လာကြည့်မည်ဆိုလျှင် ကလေးသူငယ်များအား ဦးစားပေး အစီအစဉ်များဖြင့် ပြဋ္ဌာန်းကာကွယ်ပေးထားခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅) ၌ ပြသထားသောမြန်မာ/အမေရိကန် ဘိန်းခင်းတိုင်းတာရေးအဖွဲ့ဝင်များ ဘိန်းအထွက်နှုန်း တိုင်းတာနေကြသည့်(၂၀၀၃)မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်စပ်ပြီး တင်ပြရမည်ဆိုလျှင် ၁၉၇၄ခုနှစ် ဧပြီရက်နေ့စွဲပါ ကာကွယ်ရေးကောင်စီညွှန်ကြားလွှာ အမှတ်(၁၃/၇၃)အရ တပ်မတော်(ကြည်း၊ ရေ၊လေ) စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်းအရ စာရင်းသွင်းမည့်သူသည် (၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။ (၂) အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက် မကျော်လွန်ရ။(၃)စစ်မှုထမ်းများအတွက် သတ်မှတ်ထားသည့် ကျန်းမာရေး အဆင့်အတန်းရှိရမည်။ (၄)တပ်ဖွဲ့အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်စုံရမည်ဆိုသည့် ညွှန်ကြားချက်ကို အတိအလင်းပြဋ္ဌာန်းထားကြောင်းကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

အတိအလင်းထုတ်ပြန်ထား

တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် အသက်(၁၈)နှစ်ပြည့်ပြီးသူများကိုသာ လက်ခံစုဆောင်းရမည်ဟု အတိအလင်းထုတ်ပြန်ပြဋ္ဌာန်းထားခြင်းဖြစ်၍ အသက်(၁၈)နှစ်မပြည့်သေးသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းအဖြစ်စုဆောင်းမှု မပြုခဲ့ကြောင်းကို ရှင်းလင်းပြောကြားလိုကြောင်း။

တပ်သားသစ်စုဆောင်းရာတွင် ယခုကဲ့သို့သတ်မှတ်ချက်များထုတ်ပြန်ဆောင်ရွက်နေသော်လည်း တစ်ခါတစ်ရံတွင် စုဆောင်းသူအချို့၏ ကျွမ်းကျင်မှုမရှိခြင်းကြောင့် အသက်မပြည့်မီသူများပါဝင်လာခြင်းမျိုးရှိတတ်ကြောင်း၊ သို့သော်လည်း ထိုကဲ့သို့ အသက်(၁၈)နှစ်မပြည့်သေးသော ငယ်ရွယ်သူများပါဝင်လာခြင်းကိုစစ်ဆေးတွေ့ရှိသည်နှင့် ချက်ချင်းပြန်လည်စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အသက် (၁၈)နှစ်မပြည့်၍ ပြန်လည်စေလွှတ်ပေးခဲ့ရာတွင် ၂၀၀၂ ခုနှစ်၌ ၈၅ ဦး၊ ၂၀၀၃ ခုနှစ်၌ ၇၅ ဦး၊ ၂၀၀၄ ခုနှစ်၌ ၅၀၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ သုံးဦး စုစုပေါင်း ၂၁၃ ဦးကို အထောက်အထားများဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အရေးယူခဲ့

အရွယ်မရောက်သူကလေးသူငယ်များကို တပ်မတော်သားများအဖြစ် စုဆောင်းသည်ဆိုသည့် စွပ်စွဲချက် ၁၅ ခုကို ILOဆက်သွယ်ရေးအရာရှိကပေးပို့ခဲ့ကြောင်း၊ ထိုစွပ်စွဲချက်အားလုံးကို အရေးယူစစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဓမ္မစုဆောင်းမှုများနှင့်ပတ်သက်ပြီး သုံးဦးကို မိဘများထံပြန်လည်အပ်နှံခဲ့ကြောင်း၊ တစ်ဦးကတော့ တပ်တွင်အမည်စာရင်းမရှိကြောင်း၊ ကိုယ်တိုင်ဆန္ဒအရ တပ်ရင်းများတွင် ဆက်လက်တာဝန်ထမ်းဆောင်နေသူ ခြောက်ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်လျက်ရှိသူ သုံးဦး၊ စစ်စည်းကမ်းအရအရေးယူထားသူနှစ်ဦးရှိကြောင်းကို စစ်ဆေးတွေ့ရှိရကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ တပ်သားသစ်စုဆောင်းရန် တာဝန်ရှိသူများအနက် သတ်မှတ်ပြဋ္ဌာန်းချက်များကို မလိုက်နာဘဲအဓမ္မစုဆောင်းခဲ့သူများအား စစ်စည်းကမ်းအရ အရေးယူခဲ့ရာတွင် ၂၀၀၂ ခုနှစ်၌ ၁၇ ဦး၊ ၂၀၀၃ ခုနှစ်၌ ငါးဦး စုစုပေါင်း ၂၂ ဦးကို အရေးယူခဲ့ပြီးဖြစ်ကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းဆောင်မှုမပြုစေရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၅-၁-၂၀၀၄ ရက်တွင် "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ"ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ကြောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တာဝန်ယူ ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၊ စစ်ဥပဒေချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူး၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်တို့ပါဝင်ပြီး တပ်အင်အား ဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိနေကြောင်း။

အဆိုပါကော်မတီသည် (၁) အရွယ်မရောက်သေးသူကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်များအဖြစ် စုဆောင်းခြင်းမပြုရေးအတွက် ကာကွယ်တားဆီးရန်၊ (၂) ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ (၃)ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်များထားရှိပြီးတော့ ကြပ်မတ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)၌ ပြသထားသော မြန်မာ/အမေရိကန် ဘိန်းခင်းတိုင်းတာရေးအဖွဲ့ဝင်များ ဘိန်းအထွက်နှုန်းတိုင်းတာနေကြသည့်(၂၀၀၄)မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ကော်မတီ၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမား ဝန်ကြီးဌာနဝန်ကြီးတို့ပါဝင်သည့် လုပ်ငန်းအဖွဲ့ကိုပါ ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိကြောင်း။

ထိုကဲ့သို့ မြန်မာနိုင်ငံတွင် အသက်(၁၈)နှစ်မှ (၂၅)နှစ် အတွင်းရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့်လူငယ်များကိုသာ ၎င်းတို့ဆန္ဒအလျောက် စစ်မှုထမ်းဆောင်ခွင့်ပြုလျက်ရှိကြောင်းကို မျက်မြင်ကိုယ်တွေ့လေ့လာဆန်းစစ်နိုင်ရန်အတွက် UNICEFဌာနေကိုယ်စားလှယ် Ms. Carroll C.Longသည် ၃-၃-၂၀၀၄ရက်တွင် ရန်ကုန်မြို့ရှိ အမှတ်(၁) တပ်မတော်စစ်သား စုဆောင်းရေးတပ်သို့လည်းကောင်း၊ Ms.Carroll C.Long နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr.Charles Petrieတို့သည် မန္တလေးမြို့ရှိ အမှတ်(၂) စစ်သားစုဆောင်းရေးတပ်သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း၊ ထို့အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဥပဒေညွှန်ကြားချက်နှင့်အညီ စနစ်တကျစုဆောင်းမှု၊ အရည်အချင်းမပြည့်မီသော ကလေးသူငယ်များအား မိဘထံ ပြန်လည်အပ်နှံမှု၊ အသိပညာပေးမှု၊ ညွှန်ကြားချက်များကို မလိုက်နာဘဲ တပ်သားသစ်များအဖြစ် ခေါ်ယူစုဆောင်းပါက

ကုလသမဂ္ဂ အစီရင်ခံစာတွင် ကလေးစစ်သားများအသုံးပြုသော နိုင်ငံများ၌မြန်မာနိုင်ငံလည်းပါဝင်သည် ဟူသော ဖော်ပြမှုနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တာဝန်ရှိသူများအား စစ်စည်းကမ်းအရ အရေးယူမှုများကို အကြောင်းအရာ၊ အချက်အလက်၊ သက်သေခံအထောက်အထားများနှင့်တကွ အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း၊ ထို့အပြင် ယင်းဌာနေကိုယ်စားလှယ်နှစ်ဦးသည် လောလောဆယ် စုဆောင်းထားသည့် တပ်သားသစ်သုံးဦးကိုလည်း လွတ်လပ်စွာ မေးမြန်းခွင့်ရခဲ့ပြီး ၎င်းတပ်သားသစ် သုံးဦးစလုံး အသက်ပြည့်မီပြီးဖြစ်၍ ၎င်းတို့ဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်းကိုပါ ၎င်းတို့ကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအထောက်အထားများနှင့်အတူ ကိုယ်တွေ့မျက်မြင်လေ့လာဆန်းစစ်နိုင်ခဲ့ကြကြောင်း။

ထို့အတူပင် တပ်သားသစ်စုဆောင်းရာတွင် အသက်အပိုင်းအခြား သတ်မှတ်မှုနှင့်ဆက်စပ်နေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ကိုင်ဆောင်မှုကို လေ့လာနိုင်ရန်အတွက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr.Charles Petrieနှင့် UNICEFဌာနေကိုယ်စားလှယ် Ms.Carroll C.Longတို့သည် မတ်၁၀ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာနှင့် ကျောက်တန်းမြို့နယ် မြိုင်သာယာစံပြကျေးရွာတို့ကို သွားရောက်ပြီး ဖွား/သေစာရင်းပြုလုပ်မှုနှင့် အသက်အလိုက် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပြုလုပ်ပေးမှုအခြေအနေများကို ကိုယ်တိုင်ကိုယ်ကျကြည့်ရှုမေးမြန်းခဲ့ကြကြောင်း။

ယင်းကျေးရွာများတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဌာနက မွေးဖွားမှုလက်မှတ် ထုတ်ပေးမှုနှင့်သေဆုံးမှုလက်မှတ်ထုတ်ပေးမှု၊ သက်ဆိုင်ရာ ကျေးရွာ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မွေးဖွားကြောင်းအထောက်အထားလက်မှတ်အပိုင်း(၁၊၂၊၃)၊ သေဆုံးခြင်းလက်မှတ်အပိုင်း(၁၊၂၊၃)ပုံစံများ ထုတ်ပေးမှု၊ ယင်းလက်မှတ်များအရ အိမ်ထောင်စုလူဦးရေစာရင်း ရေးသွင်းပေးမှုနှင့် ၎င်းမှတ်တမ်းများအရ အသက်(၁၀)နှစ်ပြည့်သူတိုင်းကို အသက်(၁၀)နှစ်ပြည့်နိုင်ငံသားလက်မှတ် ပြုလုပ်ကိုင်ဆောင်စေမှု၊ ထို့မှတစ်ဆင့် အသက်(၁၈)နှစ်ပြည့်သူတိုင်းကို နိုင်ငံသားသက်သေခံကတ်ပြား ပြုလုပ်လဲလှယ်ကိုင်ဆောင်စေမှုစသည့် လုပ်ငန်းအစီအစဉ်အတိုင်း စနစ်တကျဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုလေ့လာကြပြီး ၎င်းတို့သိလိုသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများကို မေးမြန်းခဲ့ကြကြောင်း။

ပေါ်လွင်ထင်ရှား

ယခုကဲ့သို့ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံအပေါ် တပ်မတော်သားများအဖြစ် အဓမ္မစုဆောင်းခြင်း၊ အထူးသဖြင့် ကလေးသူငယ်များအား အဓမ္မစုဆောင်းခြင်း စွပ်စွဲချက်သည် မှားယွင်းသော သတင်းအချက်အလက်များကို အခြေခံနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စစ်မှုထမ်းများအဖြစ် အသက်ပြည့်မီသူ၊ ထို့ကဲ့သို့ အသက်ပြည့်မီကြောင်း ဖော်ပြနိုင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူများကိုသာ စနစ်တကျ ရွေးချယ်လက်ခံလျက်ရှိသည်ကို ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Right of the Child, 1989)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ထိုကွန်ဗင်းရှင်းတွင် အသက်(၁၅)နှစ်မှ (၁၈)နှစ်အတွင်းရှိသူကို စစ်မှုထမ်းအဖြစ် စုဆောင်းနိုင်သည်ဟု ဖော်ပြထားသော်လည်း ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာ (၁၃/၇၃)ပါ စစ်မှုထမ်းစည်းမျဉ်းအပိုဒ်(၂)(ခ)အရ အသက်(၁၈)နှစ်မှ(၂၅)နှစ် အတွင်း အသက်ပြည့်သော ကိုယ်တိုင်ဆန္ဒရှိသူများကိုသာ တပ်မတော်သားများအဖြစ် ရွေးချယ်လျက်ရှိကြောင်း၊ ထိုပြဋ္ဌာန်းချက်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိဘဲ အသက်ငယ်နေသူများ ပါဝင်ခဲ့လျှင်လည်း ပြန်လည်နုတ်ထွက်ခွင့်ပြုခဲ့ခြင်းပင်ဖြစ်ကြောင်း။

လုံးဝခွင့်မပြု

ယခုရှင်းလင်းတင်ပြချက်များကိုကြည့်လျှင် မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို လက်ခံကျင့်သုံးနေသကဲ့သို့ ကလေးသူငယ်များဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းကာ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်သားစုဆောင်းရေးဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းထားပြီး အသက် (၁၈)နှစ်အောက်ရှိသည့် ကလေးသူငယ်များအား စစ်သားအဖြစ်စုဆောင်းခြင်းကို လုံးဝခွင့်မပြုကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အောက်ခြေအဖွဲ့များက မှားယွင်းစုဆောင်းမှု ပြုလုပ်မိခဲ့လျှင်လည်း စုဆောင်းခံရသူများကို မိဘရပ်ထံ ပြန်လည်အပ်နှံပေးလျက်ရှိကြောင်းနှင့် တပ်သားသစ်စုဆောင်းရန် တာဝန်ရှိသူများအနက် သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သူများကိုလည်း စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်းကို သတင်းစာဆရာကြီးများမှတစ်ဆင့် ရှင်းလင်းပြောကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ၌ မသမာသောနည်းဖြင့် အသုံးပြုရန်အတွက် မိတ္တူကူစာအုပ်ငယ်များ ပြုလုပ်ရောင်းချစီးပွားရှာနေကြသူများအား ဖော်ထုတ်ဖမ်းဆီး၊အရေးယူမှုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ရှင်းလင်းပြောကြားရာတွင် စီးပွားရေးသမားအချို့က မကြာမီတွင်ကျင်းပတော့မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မသမာသော နည်းဖြင့် ကူးချရန်အတွက် ဘာသာစုံအဖြေများကို စာလုံးသေးများနှင့် စာစီပြီး မိတ္တူကူစာအုပ်ငယ်လေးများ ပြုလုပ်ရောင်းချစီးပွားရှာနေကြမှုများကို ဖော်ထုတ်ဖမ်းဆီးအရေးယူမှုနှင့် ပတ်သက်ပြီးရှင်းလင်းသွားမည်ဖြစ်ကြောင်း။

တက္ကသိုလ်ဝင်တန်းစာမေးပွဲများသည် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များအတွက် ဘဝတွင်အလွန်အရေးကြီးသော အရည်အချင်းစစ်ဆေးရာ ဂိတ်ပေါက်ကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲများကို နိုင်ငံတော်က အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ယခုအခါဝိသမလောဘဖြင့် စီးပွားရေးသမားများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို စီးပွားရှာရာအကွက်အကွင်းအဖြစ် ပြောင်းလဲရှုမြင်ပြီး မိမိကိုယ်ကျိုးစီးပွားအတွက် နုနယ်လှသည့် တက္ကသိုလ်ဝင်တန်းကျောင်းသား လူငယ်များအပေါ် အနီးကပ်များ၊ တစ်ကြိုများ၊ အဖြေစုံများစသည်ဖြင့် တရားမဝင်သောနည်းဖြင့် စာအုပ်ထုတ်ဝေရောင်းချပြီး အမြတ်ထုတ်လာကြခြင်းကို ဝမ်းနည်းဖွယ်တွေ့မြင်လာရကြောင်း၊ အဆိုးဆုံးအနေဖြင့် စာမေးပွဲဖြေရာတွင် မသမာမှုနှင့် ခိုးချရန်အတွက် တက္ကသိုလ်ဝင် စာမေးပွဲနှင့် ပတ်သက်သော ဘာသာရပ်အစုံခန့်မှန်းမေးခွန်းနှင့် အဖြေများကို စာလုံးအသေးနှင့် ကွန်ပျူတာစာစီကာ ကျောင်းသားကျောင်းသူများ စာမေးပွဲခန်းမအတွင်း ခန္ဓာကိုယ်တွင် ဝှက်၍ယူသွားနိုင်ရန် သေးငယ်သော စာအုပ်များပြုလုပ်ပြီး မြို့ကြီး၊ မြို့ငယ်များတွင် အတင့်ရဲစွာရောင်းချနေခြင်းကို တွေ့ရှိရကြောင်း။

ထိုသို့ ဝိသမလောဘဇောဖြင့် ပြုလုပ်မှုသည် နိုင်ငံတော်ကချမှတ်ထားသည့် ပညာရေးမူဝါဒကို ဖျက်လိုဖျက်ဆီးပြုခြင်းဖြစ်သည့်အပြင် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ စာရိတ္တမဏ္ဍိုင်ကိုပါ ဖြတ်ရိုက်ချိုးဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စာမေးပွဲအတွက် မသမာမှုကိုအားပေးအားမြှောက်ပြုကာ စီးပွားရှာနေကြသည့် မိတ္တူကူစာအုပ်ပြုလုပ်သူ၊ မိတ္တူကူးစက်၊ ပုံနှိပ်စက်များနှင့် ပိုင်ရှင်များ၊ စာအုပ်ငယ်ရောင်းချဖြန့်ဝေသူများကို ထိရောက်စွာအရေးယူသွားရန် ဆောင်ရွက်ခဲ့ကြောင်း။

သိမ်းဆည်းအရေးယူခဲ့

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ၁၃-၃-၂၀၀၅ရက်နေ့က ကမာရွတ်မြို့နယ် (၃)ရပ်ကွက် တိုက် ၁ (သုံးလွှာ) အခန်း ၆ နေ ဝင်းသိန်း (၃၀)နှစ် ဆိုသူကို ကမာရွတ်လှည်းတန်းမီးပွိုင့်လမ်းဆုံအနီး ဆယ်တန်းစာမေးပွဲတွင် မသမာနည်းဖြင့် ဖြေဆိုနိုင်ရန် ဘာသာစုံ အိတ်ဆောင်စာအုပ်ငယ်များ ရောင်းချနေစဉ် စာအုပ်မျိုးစုံ ၁၃၈ အုပ်နှင့်အတူဖမ်းဆီးခဲ့ကြောင်း၊ ဆက်လက်ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ကမာရွတ်မြို့နယ်(၃)ရပ်ကွက် တိုက်၁ အခန်း ၆၂(ဘီ)နေ မြတ်သူ(ခ) ထူးအိမ်သင်ကို ဘာသာစုံစာအုပ်ရှည် ၄၄၇အုပ် အပါအဝင် အိတ်ဆောင်စာအုပ်ငယ်များနှင့်အတူ သိမ်းဆည်းအရေးယူခဲ့ကြောင်း။

အလားတူပင် စာအုပ်ငယ်များကို ရောင်းချခဲ့ကြသူများအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး သတင်းဆက်အရ လက်ခွဲရောင်းချခဲ့သူများဖြစ်သည့် ၅၄၁ နွယ်သာကီ ၄လမ်း (က)ရပ်ကွက် မြောက်ဥက္ကလာပနေ ဖိုးတုတ်နှင့်ဇနီးဖြစ်သူ မသီတာတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ထပ်မံစုံစမ်းချက်များအရ ၉-၃-၂၀၀၅ ရက်နေ့တွင် အဆိုပါ စာအုပ်ငယ်များကို ပင်ရင်းပြုလုပ်သူ မရင်ရင်(ခ)မရင် (၅၅)နှစ် အဖ ဦးသကြား ၉၃၀ ကနောင်လမ်း (၃၅) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)အား စာအုပ်ရိုက်နှိပ်ရာတွင် အသုံးပြုသည့် အလျား ခုနစ်ဒသမ ငါးစင်တီမီတာနှင့် အနံ လေးစင်တီမီတာရှိ ဖလင်ကော်ပြား၁၃၅၇ချပ်နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ မရင်ရင်သည် တက္ကသိုလ်ဝင်တန်း အထူးထုတ်စာအုပ်များအားဝယ်ယူပြီး စာအုပ်သေးချုံ့၍ ရိုက်နှိပ်ရန် စမ်းချောင်းမြို့နယ်ရှိ မေအော့ဖ်ဆက်တွင် အလုပ်အပ်နှံကြောင်း၊ စာအုပ်ရိုက်သည့် ဖလင်ပြားများကို သိမ်းဆည်းထားကာ နှစ်စဉ်အဆိုပါ ဖလင်ပြားဖြင့်ပင် စာသင်နှစ်တစ်ခုသာပြောင်းလျက် စာအုပ်ငယ် များ ရိုက်နှိပ်ရောင်းချခြင်းဖြစ်သည်ဟု သိရှိရကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)၌ ပြသထားသော ရန်ကုန်တိုင်းရွှေပြည်သာမြို့နယ်တွင် တရားခံနှင့်အတူ ဘိန်းဖြူ ၁၅ဒသမ ၂၈ ကီလို ဖမ်းဆီးရမိသည့် ၂၇-၁-၂၀၀၅ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။
(သတင်းစဉ်)

ဦးစံသိန်း(ခ)ဦးရွှေမောင်း
(၄၄)နှစ်၊ (ဘ)ဦးဘယုံ
ရွှေမောင်းကားဘော်ဒီရုံ။

ဦးပွား
(၅၁)နှစ်၊ (ဘ)ဦးဘချစ်
ဆရာပွားကားဝပ်ရှော့။

လိုင်စင်မဲ့ယာဉ်များကို တစ်စစီဖျောက်ဖျက်သူများအား အရေးယူထားခြင်း မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)



စီးပွားရေးအမြတ်ထုတ်

ထို့ကြောင့် ပိုင်ရှင်ဖြစ်သူ ဦးလဗျာနော်လုံးကို အရေးယူပြီး စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက် အင်္ဂပူလမ်း အမှတ် ၈ ရှိ မေအော့ဖ်ဆက်ပုံနှိပ်တိုက်ရှိ ဂျပန်နိုင်ငံလုပ် အိုလီဗာပုံနှိပ်စက်ဖြင့် စက္ကူဖြတ်စက်ကို ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း၊ စာအုပ်များပြုလုပ်ရောင်းချသူ မရင်ရင်သည် ၂၀၀၀ပြည့်နှစ်မှစ၍ မိတ္တူကူဖလင်ပြုလုပ်ပြီး စီးပွားရေးအမြတ်ထုတ်နေသူဖြစ်သည်ဟု သိရှိရကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

တက္ကသိုလ်ဝင်စာမေးပွဲ၌ မသမာသောနည်းဖြင့် အသုံးပြုရန်အတွက် မိတ္တူကူစာအုပ်ငယ်များ ပြုလုပ်ရောင်းချ စီးပွားရှာနေကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မသမာသောနည်းဖြင့်ကူးချရန်ဘာသာစုံ အဖြေစာအုပ်များရောင်းချသူ ဝင်းသိန်း(ဘ)ဦးထွန်းချို့နှင့် ၎င်းထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မသမာသောနည်းဖြင့်ကူးချရန်ဘာသာစုံ အဖြေစာအုပ်များပြုလုပ်ရာတွင် အသုံးပြုသည့် မေစာပုံနှိပ်တိုက်ပိုင်ရှင် ဦးလဗျာနော်လုံးပုံ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မသမာသောနည်းဖြင့်ကူးချရန်ဘာသာစုံ အဖြေစာအုပ်များပြုလုပ်သည့် ဖလင်ကော်ပြားများအပ်သူ ဒေါ်ရင်ရင်(ခ)မရင်။

ကွင်းဆက်တရားခံမြတ်သူရ(ခ)ထူးအိမ်သင်နှင့် ၎င်းထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မသမာသောနည်းဖြင့်ကူးချရန်ဘာသာစုံ အဖြေစာအုပ်များပြုလုပ်ရာတွင် အသုံးပြုသည့် ဦးလဗျာနော်လုံးပိုင်ဆိုင်သည့် စာပုံနှိပ်စက်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မသမာသောနည်းဖြင့်ကူးချရန်ဘာသာစုံ အဖြေစာအုပ်များပြုလုပ်ရာတွင် အသုံးပြုသည့် ဦးလဗျာနော်လုံးပိုင်ဆိုင်သည့်စက္ကူဖြတ်စက်။

ကလေးများဘဝ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာရေး စနစ်တကျ ပြုစုပျိုးထောင်ပေး

ဒေါ်မွန်မွန်
(ပခလ)

မိဘတိုင်း သားသမီးကိုချစ်ကြသည်မှာ အထူးပြောစရာ လိုမည်မထင်ပါ။ ကျွန်မ အထင်ပြောရရင် ယခုခေတ် မိဘများသည် သားသမီးများကို ပို၍ပင် ချစ်တတ်ကြသည်။ သားသမီးများကို ပညာတတ်ကြီးများ ဖြစ်စေချင်ကြသည်။ မိမိငယ်စဉ်က မဖြစ်ခဲ့သည့် အရာများကို မိမိ သားသမီးများအား ဖြစ်စေလိုကြသည်။ ပုံသွင်းချင်ကြသည်။ ထိုကဲ့သို့ ချစ်ကြရင်း၊ ပုံသွင်းကြရင်းနှင့် အချစ်မှားကြသည်။ ပုံသွင်းမှားကြသည်။

ကလေးများကျောင်းတက်လျှင် မိဘများဖြစ်စေချင်သော တစ်ခုတည်းသော ဆန္ဒမှာ ကလေးကို အတန်းထဲတွင် ပထမရစေချင်ကြသည်။ စာတော်စေချင်ကြသည်။ တစ်နည်းပြောရလျှင် ဉာဏ်ကောင်းသော၊ တော်သော၊ ထူးချွန်ထက်မြက်သောကလေးများ ဖြစ်စေချင်ကြသည်။ ကလေးတစ်ဦး၏ဘဝတွင် ဉာဏ်ကောင်းရန် အရေးကြီးသကဲ့သို့ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေရန်၊ ဘာသာစကားကြွယ်ဝစေရန်၊ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံတတ်ရန်၊ စိတ်ခံစားမှု ဖွံ့ဖြိုးစေရန်လည်း အရေးကြီးပေသည်။ လူ့ဘဝတွင် အဆင်ပြေစွာ နေထိုင်တတ်ရန်အတွက် အဆိုပါအချက်များကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အထူး လိုအပ်လှပေသည်။ အများအားဖြင့် မိဘများသည် မိမိသားသမီးများကို ဉာဏ်ကောင်း၊ စာတော်စေရန်တစ်ခုသာ ခေါင်းထဲတွင် ရှိတတ်ကြသည်။

ထို့ကြောင့် မိမိကလေးများနှစ်နှစ်ကျော်၊ သုံးနှစ်ရောက်လာသည်နှင့် မူကြိုထားကြသည်။ မူကြိုကျောင်းတွင် ကလေးများကို စာသင်ကြားပေးခြင်း မပြုလုပ်ပါက မိမိကလေး စာမတတ်မှာ စိုးရိမ်ပူပန်ကြသည်။ ကလေးများအား အရေး၊ အဖတ်၊ အတွက်ကို မူကြိုကျောင်းမှပင် စတင်သင်ကြားပေးစေလိုကြသည်။

ကလေးများစာရေးရန် အဆင်သင့်မဖြစ်မီ လက်ချောင်းများကို ကျွမ်းကျင်စွာ အသုံးပြုတတ်ရန်၊ တစ်နည်းအားဖြင့်ဆိုသော် ခဲတံကိုင်တတ်ရန် အဆင့်အမျိုးမျိုးကို ဖြတ်သန်းကြရသည်။ အရာဝတ္ထုကို လက်ဖဝါးတစ်ခုလုံးဖြင့် ဆုပ်ကိုင်၍ ရေးခြစ်ခြင်း၊ အရောင်ခြယ်ခြင်း၊ ရွှံ့၊ ဂျုံများဖြင့် ကစားခြင်း၊ ကော်ကပ်ခြင်း၊ သဲနှင့်ရေတို့ဖြင့် ကစားခြင်း၊ သစ်သားတုံးများဖြင့် ကစားခြင်းတို့ဖြင့် စာရေးရန်လိုအပ်သော လက်ချောင်းကြွက်သားများကို ဖွံ့ဖြိုးလာစေသည်။ ဤသို့ ကြွက်သားများကောင်းစွာမဖွံ့ဖြိုးမီ စာရေးသင်ပါက နောင်အခါစာရေးရာ၌ လက်ရေးမလှခြင်း၊ အချိန်ကြာရှည်စွာမရေးနိုင်ခြင်း၊ မှန်မှန်နှင့်မြန်မြန် စာမရေးနိုင်ခြင်းစသော အခက်အခဲများနှင့် ကြုံတွေ့နိုင်ပေသည်။

ကလေးများကို အရွယ်မတိုင်မီ စာရေးသင်ခြင်း၊ စာဖတ်စေခြင်းများပြုလုပ်ပါက အရေးကြီးသော သင်ယူခြင်းအဆင့်များကို ကျော်သွားတတ်ပါသည်။ မနိုင်မနင်းသင်ယူရသဖြင့် စာသင်ရန်ကြောက်သော ကလေးများဖြစ်သွားနိုင်သည်။ ပညာအခြေခံကောင်းလည်း ရရှိမည်မဟုတ်ပါ။ ထိုအရွယ်တွင် စာလုံးများကို အသံထွက်ဖတ်နိုင်သော်လည်း အဓိပ္ပာယ်ကိုနားလည်မည် မဟုတ်ပါ။ အရာဝတ္ထုများ၊အကြောင်းအရာများကို စတင်မဖတ်မီကပင် ထိုအရာများကိုမြင်ဖူး၊ ကိုင်တွယ်ဖူးပြီးဖြစ်ရန် လိုအပ်ပေသည်။ ထို့ကြောင့် ကလေးများသည် စာမသင်ယူမီ မိမိပတ်ဝန်းကျင်နှင့် ထိတွေ့ရန် လိုအပ်ပါသည်။ အိမ်နှင့်မူကြိုကျောင်းသာ ကလေး၏ ကမ္ဘာဖြစ်နေမည့်အစား ပြင်ပပတ်ဝန်းကျင်သို့ အလည်အပတ်သွားခြင်း၊ ပတ်ဝန်းကျင်ရှိအရာများနှင့် ရင်းနှီးစေခြင်းများ ပြုလုပ်ပေးသင့်ပါသည်။ ထို့ပြင်လူကြီးများက စာဖတ်ပြခြင်း၊ စာအုပ်များကို ကြည့်ရှုခွင့်ပေးခြင်းများ ပြုလုပ်ပေးပါက ကလေးများသည် အက္ခရာပုံစံများကို အလွယ်တကူမှတ်မိလာနိုင်ပြီး နောင်အခါ စာဖတ်တတ်ရန် ပိုမိုလွယ်ကူမည်ဖြစ်ပေသည်။ ပုံနှိပ်စာလုံးများသည် အဓိပ္ပာယ်ရှိကြောင်း နားလည်လာပြီး စာရေး၊ စာဖတ်သင်ယူရန်အတွက် ပထမခြေလှမ်းတစ်ရပ် ဖြစ်ပေသည်။

သင်္ချာအခြေခံသဘောတရားများကို နားလည်ရန်အတွက် ကလေးများအား ၁+၂=၃ ဖြစ်သည်ဟု စာအုပ်ထဲတွင် တွက်ခိုင်းရမည့်အစား၊ အရာဝတ္ထုများကိုရေတွက်ခြင်း၊ အရာဝတ္ထုများကို အပုံအသီးသီးပုံခြင်း၊ အပုံတစ်ပုံအတွင်းသို့ အချို့သောအရာဝတ္ထုများကို ထပ်ထည့်ခြင်း၊ အချို့ကိုဖယ်ရှားခြင်း၊ ပုံစံအမျိုးမျိုးရှိသောသစ်တုံးများဖြင့် ကစားခြင်းမှ အဝိုင်း၊ လေးထောင့်၊ တြိဂံ၊ အချွန်စသည်တို့၏အရွယ်အစား၊ အလေးချိန်တို့ကို သိရှိလာခြင်း၊ ဂဏန်း သင်္ချာပါသော ကဗျာ၊ သီချင်းများသီဆိုခြင်း(ဥပမာ-၁၊ ၂၊ ၃ မောင်မောင်တူတူ့ပုန်း...) ဖြင့် သင်္ချာသဘောတရားများကို ကစားရင်းဖြင့် သင်ကြားနိုင်သည်။ ဤသို့သော လက်တွေ့ အတွေ့အကြုံများမရရှိပါက အလွတ် ကျက်မှတ်နည်းကိုသာ အားထားမှီခိုမည်ဖြစ်ပြီး ကိုယ်တိုင်စဉ်းစား အဖြေရှာနိုင်စွမ်းရှိလိမ့်မည် မဟုတ်ပေ။

မူကြိုကျောင်းများရှိ စာသင်ခန်းအတွင်း၌ စာသင်ရန်အတွက် ကျောက်သင်ပုန်း၊ စာရေးခုံများနှင့် ကုလားထိုင်များ၊ အချို့သော ကလေးကစားစရာ ပစ္စည်းများသာရှိမည့်အစား အတုလုပ်တမ်းကစားရန် နေရာ၊ သစ်သားတုံးများဖြင့် ကစားရန်နေရာ၊ ရွှံ့များ၊ ဂျုံများဖြင့် ကစားရန်နေရာ၊ ပန်းချီဆွဲရန်နေရာ၊ ကစားစရာပစ္စည်းများနှင့် ကစားရန်နေရာ၊ စာဖတ်ရန်နေရာများ ထားရှိသင့်ပေသည်။

အတုလုပ်တမ်းကစားရန်နေရာ (Pretend corner)တွင် အိမ်သုံးပစ္စည်းများ၊ အလှပြင် ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ ထားပေးခြင်းဖြင့် အတုလုပ်တမ်း ကစားရာမှ ကလေးသည် လူအမျိုးမျိုးနေရာမှခံစားကစားရသဖြင့် အခြားသူတို့၏ ခံစားချက်များကို သိရှိလာနိုင်သည်။ မိမိခံစားနေရသော ခံစားချက်များကို ဖွင့်ဟသရုပ်ဆောင်ကစားရသဖြင့် ထိုခံစားမှုများကို ထိန်းချုပ်နိုင်စွမ်းရှိလာသည်။ (ဥပမာ-အမေအဖြစ် ဟန်ဆောင်ကစားရာမှ အမေကဲ့သို့ ခံစားသိရှိနိုင်ခြင်း)၊ ကစားနေချိန်အတွင်း ပေါ်ပေါက်လာသော ပြဿနာများကို ကိုယ်တိုင်ဖြေရှင်း အဖြေရှာတွေ့လာသည်။ (ဥပမာ-မည်သည့်အရာကို ဟင်းရံအဖြစ် အသုံးပြုမည်)၊ တစ်ဦးနှင့်တစ်ဦး ပူးပေါင်း ဆောင်ရွက်တတ်လာသည်။ မိမိကိုယ်မိမိယုံကြည်စွာဖြင့် ရဲရဲဝံ့ဝံ့ပြောဆိုတတ်လာပြီး စည်းကမ်းများကိုလည်း လိုက်နာတတ်သည်။ အပွင့်၊ အသီးနှင့်အရွက်များကို တူရာစုခြင်း၊ တွဲဖက်ခြင်း ပြုလုပ်တတ်လာသည်။ အခြားသူများနှင့် စကားပြောဆိုခြင်း၊ အခြားသူ၏ စကားကို နားထောင်ခြင်းဖြင့် ဘာသာစကား ကျွမ်းကျင်လာသည်။

သစ်သားတုံးများဖြင့် ကစားရန်နေရာ(Blocks corner)တွင် သစ်သားတုံးများ၊ ဘူးခွံများ၊ ဝါးဆစ်များ၊ တိရစ္ဆာန်ရုပ်များ၊ ယာဉ်ရထားပုံများ စသည်တို့ ထားပေး ခြင်းဖြင့် ထိုပစ္စည်းများနှင့်ကစားရာမှ အရွယ်အစားနှင့် အလေးချိန်၊ ပုံသဏ္ဌာန်သဘော တရားများကို နားလည်သဘောပေါက်လာသည်။ တံတားဆောက်ခြင်း၊ အဆောက်အအုံဆောက်ခြင်းနှင့် ဆက်သွယ်နေသော ပြဿနာများကို ဖြေရှင်းတတ်လာသည်။ အတုံးများကို ဆုပ်ကိုင်ခြင်း၊ မခြင်း၊ တည်ဆောက်ခြင်းဖြင့် ကြွက်သားကြီးငယ်တို့၏ စွမ်းရည်ကို အသုံးပြုနိုင်ခြင်း၊ သစ်သားတုံးများကို ဟန်ချက်ညီစွာထားတတ်ခြင်း၊ မည်ကဲ့သို့ပြုလုပ်ရမည်ကို စဉ်းစားတွေးခေါ် နိုင်ခြင်း၊ အခြားသူများနှင့် ပူးပေါင်း၍ မျှဝေလုပ်ဆောင်တတ်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာသည်။

ရွှံ့၊ ဂျုံများဖြင့် ကစားရာမှ စာရေးရန် လက်ချောင်းကြွက်သားများ သန်မာလာခြင်း၊ မိမိစိတ်ကူးကို ပုံဖော်ခွင့်ရခြင်း၊ စိတ်ကူးကောင်းများရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိလာသည်။

ပန်းချီဆွဲရန်နေရာ(Painting corner) တွင် ဆေးရောင်စုံများ၊ စုတ်တံများ၊ စာရွက်များ၊ သစ်ရွက်များ၊ ရောင်စုံခဲတံများ ထားပေးခြင်းဖြင့် ထိုပစ္စည်းများကို ကစားရာမှ အရောင်၏သဘောတရားကို သိရှိလာခြင်း၊ လက်ချောင်းကြွက်သားများ သန်မာလာခြင်း၊ မိမိစိတ်ကူးကို ထုတ်ဖော်ခွင့်ရခြင်း၊ စဉ်းစားနိုင်စွမ်းတိုးတက်လာခြင်း၊ အာရုံစူးစိုက်မှုရရှိခြင်း၊ စိတ်တည်ငြိမ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

ကစားစရာများကို ကစားနည်းများဖြင့်ကစားရာမှ ကလေးသည် ရုပ်ပုံများ ယှဉ်တွဲ၍ ကစားခြင်း၊ အပိုင်းအစများ ဆက်စပ်ပုံဖော်ကစားခြင်းဖြင့် သင်္ချာစွမ်းရည်များ ရရှိလာသည်။ ခရုခွံများ၊ ပုလင်းခွံများ၊ ပန်းများ အစရှိသည်တို့ကို သီကုံးကစားခြင်းမှ မျက်စိနှင့်လက်တွဲဖက်ညီညီ လှုပ်ရှားနိုင်စွမ်းရှိလာသည်။ အားသွင်းကစားခြင်းဖြင့် ကြွက်သားများကို ကျွမ်းကျင်စွာ အသုံးပြုတတ်လာသည်။ အသုံးပြုသော ပစ္စည်းများ၏ အရောင်၊ ချောမွေ့မှု၊ ကြမ်းတမ်းမှုနှင့် ပုံသဏ္ဌာန်၊ အရွယ်အစားပေါ်မူတည်၍ အုပ်စုခွဲခြင်း၊ တွဲခြင်းဖြင့် ထိုပစ္စည်းများ၏ သဘောတရားများကို သိရှိနားလည် သဘောပေါက်လာသည်။ ကစားနည်း၏ စည်းမျဉ်းများကို လိုက်နာတတ်ပြီး အများနှင့်အတူ အလုပ်တွဲကျ လုပ်တတ်လာသည်။ မျှဝေတတ်လာသည်။

စာဖတ်ရန်နေရာ(Reading corner)တွင် ပုံပြင်စာအုပ်များ၊ ရုပ်ပြစာအုပ်များကို ထားပေးခြင်းဖြင့် စာလုံးများ၏ ပုံသဏ္ဌာန်များကို မှတ်မိလာပြီး စာသင်ရာတွင် လွယ်ကူစေသည်။ ပုံပြောခြင်းဖြင့် ကြောင်းကျိုးဆက်စပ်တွေးခေါ်တတ်ခြင်း၊ ဝေါဟာရကြွယ်ဝခြင်း၊ ဉာဏ်ရည်တိုးတက်ခြင်း၊ နားထောင်နိုင်စွမ်းရှိလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာသည်။

စာသင်ခန်းပြင်ပတွင် သဲကစားရန် နေရာနှင့် ရေကစားရန်နေရာ Outdoor playing corner(sand and water)တို့ကို ထားပေးခြင်းဖြင့် ကလေးများကိုယ်တိုင် သဲနှင့်ရေကိုရောခြင်း၊ သဲထဲသို့ ရေစိမ့်ဝင်အောင်ပြုလုပ်ခြင်း၊ အခြားပစ္စည်းများနှင့် ရေရောခြင်းမှ အကြောင်းနှင့်အကျိုး ဆက်စပ်မှုသဘော များကို သိနားလည်လာမည်။ ပုလင်းတစ်ပုလင်းမှ တစ်ပုလင်းသို့ ရေလောင်းထည့်ခြင်း၊ အရာဝတ္ထုများ ရေတွင်မြုပ်ခြင်း၊ ပေါ်ခြင်းမှ သိပ္ပံအခြေခံသဘော တရားများ သိရှိလာမည်။ သဲကိုဂေါ်ပြားဖြင့်ကော်ခြင်းဖြင့် မိမိလက်ချောင်းများကို ကျွမ်းကျင်စွာ အသုံးပြုတတ်လာမည်။ မိမိအလှည့်ကို စောင့်ခြင်း၊ ကစားရန် အခြားကလေးများအား အခွင့်အရေးပေးခြင်းဖြင့် ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးလာသည်။

မူကြိုကျောင်းဝင်းအတွင်းတွင် ခုန်ခြင်း၊ ပြေးခြင်း၊ အမြင့်သို့ တွယ်တက်ခြင်း၊ တန်းလျှောက်ခြင်း၊ သစ်တုံးနိမ့်၊ မြင့်လျှောက်ခြင်းစသည့် ပြင်ပကစားရန် နေရာများ ထားပေးခြင်းဖြင့် ကြွက်သားကြီးများ၏ စွမ်းရည်ဖွံ့ဖြိုးလာမည်။ ပစ္စည်းများကို ဖမ်းခြင်း၊ ပစ်ခြင်း၊ လိမ့်ခြင်းမှ မျက်စိနှင့်လက် ဘက်ညီလှုပ်ရှားမှု ဖွံ့ဖြိုးလာပြီး ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်းမှ ခြေထောက်နှင့် မျက်စိ ဘက်ညီ လှုပ်ရှားမှုတိုးတက်လာစေသည်။ အခြားသူများနှင့်လည်း သင့်မြတ်စွာ ကစား တတ်လာသည်။

အဆိုပါ ဖွံ့ဖြိုးမှုများသည် ကလေးများ မူလတန်းပညာဆက်လက်သင်ယူရာတွင်သာမက ဘဝတစ်သက်တာအတွက် အထူးပင် လိုအပ်လှပေသည်။ ကလေးများအား အတန်းထဲတွင် စာသင်ကြားပေးရုံတစ်ခုတည်းဖြင့် အဆိုပါ ဖွံ့ဖြိုးမှုများ မရရှိနိုင်ပါ။ အမျိုးမျိုးကစားခြင်းဖြင့်သာ ရရှိနိုင်ပေသည်။ ကစားခြင်းမှရရှိသော အကျိုးကျေးဇူးအားလုံးသည် နောင်ကျောင်းနေသောအခါ ကလေးများ၏ သင်ယူနိုင်စွမ်းကို အထောက်အကူပြုပေသည်။ ကစားခြင်းသည် ကလေးများ၏အလုပ်ဖြစ်သဖြင့် ကလေးများကိုယ်တိုင် ကစားရင်းဖြင့် သင်ယူနေခြင်းသာဖြစ်သည်။ ကစားခြင်းတည်းဟူသော ကလေးတို့၏ ကိုယ်တိုင်သင်ယူပုံနည်းလမ်းထက် သာလွန်ကောင်းမွန်သော နည်းလမ်းမရှိချေ။

ထို့ပြင် ကလေးငယ်တစ်ဦး၏ဘဝတွင် မွေးစမှခြောက်နှစ်တာကာလသည် အရေးပါဆုံးဖြစ်သည်။ ထိုကာလအတွင်း ကလေးငယ်၏ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုမှာ အခြားကာလများထက် ပိုမိုလျင်မြန်ကြသည်။ ကလေး၏စရိုက်လက္ခဏာကို ပုံသွင်းပြုပြင်ပေးနိုင်သည်။ ကလေး၏ ဉာဏ်ရည်နှင့် လူမှုဆက်ဆံရေးသည် မွေးစမှ ခြောက်နှစ်အတွင်းတွင် အခြားအချိန်များထက် ဖွံ့ဖြိုးမှုပိုမိုလျင်မြန်ကြသည်။ မွေးစမှ ခြောက်နှစ်ရောက်လျှင် ကလေး၏ဦးနှောက်သည် လူကြီး၏ ဦးနှောက်အရွယ်အစားနီးပါး ကြီးထွားနေပြီဖြစ်သည်။ ထို့ကြောင့် ခြောက်နှစ်မပြည့်မီကလေး၏ အမြင်၊ အကြား၊ အထိအတွေ့၊ အနံ့၊ အရသာ အစရှိသည့် အာရုံများကို သုံးရန်၊ စမ်းသပ်လေ့ကျင့်ရန်၊ အခွင့်အလမ်းများ ပေးရမည်။ ထိုအခွင့်အလမ်းများ မရခဲ့လျှင် ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းကို ထိခိုက်နိုင်ပေသည်။ ဦးနှောက်ဆဲလ်များ ဆက်သွယ်ဖွဲ့စည်းသည့် ကွန်ရက်သည် အရေးကြီးသည်။ အဆိုပါ ကွန်ရက်သည် စဉ်းစားတွေးခေါ်ခြင်းနှင့် သင်ယူခြင်းတို့ကို ဖြစ်စေပါသည်။ ပြင်ပမှ လှုံ့ဆော်မှုများများရလေလေ၊ ဦးနှောက်ဆဲလ်များ ဆက်သွယ်မှုများလေလေ၊ ဉာဏ်ကောင်းလေလေဖြစ်ပါသည်။ ဦးနှောက်ဖွံ့ဖြိုးမှု အမြန်ဆုံးဖြစ်သော ကလေးဘဝ၏ အစောပိုင်းနှစ်များတွင် ကလေးသည် စာသင်ကြားနေရုံဖြင့်၊ စာကျက်မှတ်နေရုံဖြင့် ကလေးငယ်ဉာဏ်ရည် ကောင်းမွန်မလာနိုင်ပါ။ စွဲမြဲမည်မဟုတ်ပါ။ ကစားခြင်းဖြင့်သာ ဉာဏ်ရည်အပြင် အခြားသော ဘက်စုံဖွံ့ဖြိုးမှုများ ရရှိလာနိုင်ပေမည်။

ကလေးများသည် ကစားရာမှ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးခြင်း၊ ဉာဏ်ရည် ကောင်းခြင်း၊ ပေါင်းသင်းဆက်ဆံတတ်ခြင်း၊ ဘာသာစကား ကြွယ်ဝခြင်း၊ စိတ်ခံစားမှုဖွံ့ဖြိုးခြင်း၊ ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်တတ်ခြင်း၊ ကိုယ်တိုင် ဆုံးဖြတ်ချက်ချတတ်ခြင်း၊ ဦးဆောင်နိုင်ခြင်း၊ အလုပ်ကျလုပ်ကိုင်တတ်ခြင်း၊ ဝေမျှတတ်ခြင်း၊ ပြဿနာအား ကိုယ်တိုင်ဖြေရှင်းတတ်ခြင်း၊ စည်းကမ်းလိုက်နာတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ သင်္ချာနှင့် သိပ္ပံ အခြေခံများကို သိရှိလာခြင်း အစရှိသော အကျိုးကျေးဇူးများကို ရရှိပေသည်။ ကစားခြင်းမရှိလျှင် ဖွံ့ဖြိုးခြင်းမရှိနိုင်ပါ။

သို့ဖြစ်ရာ ကလေးငယ်များ ကိုယ်ခန္ဓာဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်သူများ၊ ဘက်စုံဖွံ့ဖြိုး ထူးချွန်သူများ ဖြစ်လာစေရေးအတွက် စနစ်တကျ ဝိုင်းဝန်းပြုစု ပျိုးထောင်ပေးသွားကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကလေးများသည် ကစားရာမှ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးခြင်း၊ ဉာဏ်ရည် ကောင်းခြင်း၊ ပေါင်းသင်းဆက်ဆံတတ်ခြင်း၊ ဘာသာစကားကြွယ်ဝခြင်း၊ စိတ်ခံစားမှုဖွံ့ဖြိုးခြင်း၊ ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်တတ်ခြင်း၊ ကိုယ်တိုင် ဆုံးဖြတ်ချက်ချတတ်ခြင်း၊ ဦးဆောင်နိုင်ခြင်း၊ အလုပ်ကျ လုပ်ကိုင်တတ်ခြင်း၊ ဝေမျှတတ်ခြင်း၊ ပြဿနာအား ကိုယ်တိုင်ဖြေရှင်းတတ်ခြင်း၊ စည်းကမ်း လိုက်နာတတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ သင်္ချာနှင့် သိပ္ပံအခြေခံများကို သိရှိလာခြင်းအစရှိသော အကျိုးကျေးဇူးများကို ရရှိပေသည်။

မြဝတီရုပ်မြင်သံကြား

၁၇-၃-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to Statistics (ပြည်သူ့ရေးရာ-ဒုတိယနှစ်)
၅း၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၃၁)
၆း၅၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၂၁)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၁၂)

SURA အကြမ်းဖက်သောင်းကျန်းသူရှက်ဆစ်အဖွဲ့၏ မူးယစ်ဆေးဝါးရောင်းဝယ်ထုတ်လုပ်နေမှုနှင့်ပတ်သက်သည့် အထောက်အထားတစ်ရပ်

ရန်ကုန် မတ် ၁၆

၂၀၀၅ခုနှစ် မတ်လ ၁၅ရက်နေ့ကကျင်းပသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှက်ဆစ်ခေါင်းဆောင်သော SURAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါးရောင်းဝယ်ထုတ်လုပ်နေမှုများ၊ ၎င်းကိစ္စနှင့်ဆက်စပ်ပတ်သက်နေမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားရာတွင်–

“မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့မူးယစ်ဆေးဝါးပပျောက်အောင် ကြိုးပမ်းဆောင်ရွက်နေသော်လည်း နယ်စပ်၌အခြေပြုနေသည့် ရှက်ဆစ်ခေါင်းဆောင်သော SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကမူ ရှမ်းပြည်လွတ်မြောက်ရေးဆိုသည့်မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်က မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်ကိုယ်ကျိုးရှာနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ယင်းအဖွဲ့က ထုတ်လုပ်သည့်ဘိန်းဖြူများကို နယ်စပ်အနီး တစ်ဖက်နိုင်ငံအတွင်း ရောင်းချစဉ် တစ်ဖက်နိုင်ငံရဲက ဖမ်းဆီးမိသည့်သတင်းများကို သတင်းစာဆရာကြီးများလည်း ကြားသိကြပြီးဖြစ်ပါကြောင်း၊ သတင်းစာဆရာကြီးများကြည့်ရှုနိုင်ရန် ဘုတ်တွင်လည်း အသေးစိတ်ကပ်ပေးထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် တည်ငြိမ်မှု၊ အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အနှောင့်အယှက်ပြုနေသည့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်သောင်းကျန်းမှုများကို တိုက်ခိုက်ချေမှုန်းနေသကဲ့သို့ ၎င်းလုပ်ရပ်များနှင့်တွဲဖက်နေသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းများကိုလည်း တစ်ပြိုင်တည်းတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း၊ သို့သော်လည်း တချို့သော NGO°အပါအဝင် အချို့အဖွဲ့များက ရှက်ဆစ်ကဲ့သို့ ဘိန်းစားပြသောင်းကျန်းသူကိုပင်လျှင် လျှို့ဝှက်ထောက်ခံအားပေးသည့် လုပ်ရပ်မျိုးများဆောင်ရွက်နေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရကြောင်း၊ ထို့အပြင် SURA ဘိန်းစားပြရှက်ဆစ်နှင့် အခြားဆက်စပ်နေမှုများကိုလည်း ဆက်လက်ရှင်းလင်းလိုကြောင်း”စသည်ဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသွားခဲ့သည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က မြန်မာနိုင်ငံနယ်စပ်အနီး တစ်ဖက်နိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ပန်မာဖာ့မြို့နယ်အတွင်း SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ (ရှက်ဆစ်၏စိတ်အချရဆုံးလူယုံ) စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန်ကို ဘိန်းဖြူ၈၂ကီလိုဂရမ်နှင့် အတူ ဖမ်းမိစဉ်။

ယင်းရှင်းလင်းပြောကြားချက်အတိုင်း သတင်းစာဆရာကြီးများ ကြည့်ရှုလေ့လာနိုင်ရန် ထိုင်းနိုင်ငံထုတ် ဗန်ကောက်ပို့စ်သတင်းစာ (၁၀–၃–၂၀၀၅) Section(1)°စာမျက်နှာ(၁၁)ပါ Opinion&Analysis°ကဏ္ဍ၌ Drug bust deals blow to guerrillas°ခေါင်းစဉ်ဖြင့်ဖော်ပြမှုကို ဘာသာပြန်ဆို၍ သတင်းစာရှင်းလင်းပွဲကျင်းပရာခန်းမအတွင်းရှိဘုတ်တွင် အောက်ပါအတိုင်း ခင်းကျင်းပြသခဲ့ပါသည်။[ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က မြန်မာနိုင်ငံနယ်စပ်အနီး တစ်ဖက်နိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ပန်မာဖာ့မြို့နယ်အတွင်း SURAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ(ရှက်ဆစ်၏ စိတ်အချရဆုံးလူယုံ) စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန်ကို ဘိန်းဖြူ၈၂ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ယမန်နေ့ထုတ်သတင်းစာများတွင် ဖော်ပြထားပါသည်။] **(သတင်းစဉ်)**

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ဘိန်းဖြူ ၈၂ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန် (ရှက်ဆစ်၏ စိတ်အချရဆုံးလူယုံ)(ဝဲ)ကို SURA အကြမ်းဖက် သောင်းကျန်းသူ ခေါင်းဆောင် ရှက်ဆစ်(ယာ)နှင့် တွေ့ရစဉ်။



မူးယစ်ဆေးဝါးအမြောက်အမြားဖမ်းဆီးရမိမှုသည် ပြောက်ကျားအဖွဲ့ကိုထိခိုက်စေခဲ့



THURSDAY • MARCH 10, 2005

OPINION & ANALYSIS

Drug bust deals blow to guerrillas

The Shan State Army was dealt a heavy blow on Saturday when Tun Wiwatrung-arun, a close ally of SSA leader Col Yawd Serk, was arrested in Mae Hong Son, allegedly in possession of 174 bars of heroin weighing 82kg.

(Bangkok Post ၁၀–၃–၂၀၀၅)

SSA ခေါင်းဆောင်ရှက်ဆစ်၏ အနားတွင်နေသော စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန် (Tun Wiwatrungarun)ကို အလေးချိန် ၈၂ကီလိုရှိတဲ့ ဘိန်းဖြူထုပ်၁၇၄ထုပ်နှင့်အတူ လွန်ခဲ့သောစနေနေ့၌ မယ်ဟောင်ဆောင်အနီးတွင် ဖမ်းဆီးရမိခဲ့ခြင်းသည် **SSA** အတွက် ပြင်းထန်တဲ့ထိုးနှက်ခံရမှုတစ်ခု ဖြစ်ခဲ့ပါသည်။

ထိုင်းနိုင်ငံ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးအရာရှိများ၏ ဖမ်းဆီးရမိမှုများအနက် ယခုတစ်ကြိမ်ဖမ်းမိမှုသည် အများဆုံးဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားခဲ့ပါသည်။ ရဲများသည် ဘတ်၂၅သန်းတန်ဖိုးရှိသော မူးယစ်ဆေးဝါးများကို ဝယ်ယူမယ့်သူများအဖြစ် အသွင်ယူ၍ ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

၎င်းမူးယစ်ဆေးဝါးများသည် ပန်မာဖာ့မြို့နယ် မယ်ဟောင်ဆောင်ခရိုင်တွင် ဖြန့်ချိရန်အတွက် နယ်စပ်ကိုဖြတ်ကျော်၍ လွန်ခဲ့သော စနေနေ့က မြန်မာနိုင်ငံဘက်မှ သယ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။

မူးယစ်ဆေးဝါးအရာရှိများက ၎င်းမူးယစ်ဆေးဝါးသယ်ဆောင်မှုဟာ ရှက်ဆစ်နဲ့ပတ်သက်မှု ရှိ၊ မရှိသေချာစွာ စစ်ဆေးခဲ့ကြောင်း၊ ရှက်ဆစ်နဲ့ပတ်သက်မှုရှိတယ်လို့ သံသယရှိကြောင်း ဗန်ကောက်မှာပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါသည်။

စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန်ကတော့ ၎င်းဟာ **SSA**မှာ ဗိုလ်ကြီးအဆင့်ရှိသူတစ်ဦးဖြစ်ကြောင်းနဲ့ ရှက်ဆစ်ရဲ့ အယုံကြည်ရဆုံး သက်တော်စောင့်တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ နယ်စပ်ဒေသစောင့်ကြည့်သူတစ်ဦးကတော့ စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန်ဟာ ရှက်ဆစ်ရဲ့အနားမှာ အမြဲတမ်းနေပြီး ရှက်ဆစ်ကို ကာကွယ်ပေးနေသူဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၁၉၆၀ပြည့်နှစ်ကတည်းကစပြီး တိုက်ပွဲဝင်ခဲ့တဲ့အုပ်စုဟာ လွန်ခဲ့တဲ့နှစ်များစွာကတည်းက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုအတွက် သံသယရှိနေတာဖြစ်တဲ့အတွက် စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန် ဖမ်းဆီးခံရမှုဟာ **SSA** အတွက် အံ့ဩစရာ မဖြစ်စေပါဘူး။

ရှက်ဆစ်နဲ့အနီးကပ်နေထိုင်တဲ့ စိုင်းထွန်း(ခ)နိုင်ထွန်းဝိဝပ်ရှန်အရုန်ကို ဖမ်းဆီးရရှိမှုသည် **SSA** ခေါင်းဆောင်ပိုင်းဟာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုတွေမှာ ပါဝင်ပတ်သက်နေတယ်ဆိုတဲ့သတင်းကို ပိုမိုကြီးထွားလာစေခဲ့ကြောင်း နယ်ခြားစောင့်ကြည့်သူတစ်ဦးက ပြောကြားခဲ့ပါသည်။ ၎င်းအပြင် ဒီဖမ်းဆီးရရှိမှုဟာ **SSA** ခေါင်းဆောင်တွေအတွက် အမှန်တကယ်အထိနာစေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

၎င်းရဲ့သက်တော်စောင့် ဖမ်းဆီးခံရမှုနဲ့ပတ်သက်ပြီး ရှက်ဆစ်ကတော့ တစ်စုံတစ်ရာပြောဆိုခဲ့ခြင်း မရှိခဲ့ပါဘူး။ **SSA** ကို ထောက်ခံသူတစ်ဦးကတော့ ရှက်ဆစ်ဟာအမြဲတမ်း ယခုကဲ့သို့ ငြိမ်သက်မနေနိုင်ပါဘူး။ ၎င်းကိစ္စနဲ့ပတ်သက်ပြီး သူဟာအခြား **SSA** တပ်ဖွဲ့ဝင်တွေရဲ့ ယုံမှားသံသယဖြစ်နေမှုကို ပြန်လည်ဖြေရှင်းဖို့ လိုအပ်ပါလိမ့်မယ်လို့ ပြောကြားခဲ့ပါသည်။

တနင်္သာရီတိုင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝအခြေခံကောင်းများ များစွာရှိ အနာဂတ် အမျိုးသားစီးပွားရေး ဖွံ့ဖြိုး ဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းခိုင်မာအောင် ကြိုးပမ်း

ရန်ကုန် မတ် ၁၆

တနင်္သာရီတိုင်း ကော့သောင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် မတ်ရက် နံနက်ပိုင်းက ကော့သောင်းမြို့၌အသစ်တည်ဆောက်ပြီးစီးနေပြီဖြစ်သော ခုတင်(၁၀၀)ဆံ့ ကော့သောင်းမြို့ပြည်သူ့ဆေးရုံနှင့် ကော့သောင်းမြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ပုံ) **ကော့သောင်းခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကော့သောင်းမြို့၌ အသစ်တည်ဆောက်ပြီးစီးနေပြီဖြစ်သော ကော့သောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားအတွက် ပြင်ဆင်ထားရှိသော “ပြည်သူ့ဆေးရုံ ကော့သောင်းမြို့”ဆိုင်းဘုတ်ကို လည်းကောင်း၊ မင်္ဂလာစည်တော်စင်နှင့် မုခ်ဦးကို လည်းကောင်း၊ ဆေးရုံသစ်ကြီးဝင်း အတွင်းကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆေးရုံသစ်ကြီး အဆောက်အအုံမြေညီထပ်ရှိ ပင်မဆောင်၊ ဆေးစတိုခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းမကြီး၊ သားဖွားဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံသစ်ကြီးအပေါ်ထပ်ရှိ ကလေးလူနာဆောင်၌ ဆေးကုသမှုခံယူနေသော ကလေးငယ်များအား ကျန်းမာရေးအခြေအနေများမေးမြန်းကာ အားပေးစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကော့သောင်းမြို့ရှိ မဍ္ဍူသကခန်းမသို့ သွားရောက်၍ ကော့သောင်းခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကော့သောင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးရဲမောင်က ကော့သောင်းခရိုင်ရှိ မြို့နယ်ငါးမြို့နယ်၌ အသားတင်စိုက်ပျိုးမြေ ဧက ၉၈၃၆၀ အနက် မိုးစပါး ၃၂၉၀၃ ဧက၊ နွေစပါး၂၀၄ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးမြေ ၆၉၁၁ ဧက ဖော်ထုတ်ပြီးစီးမှုတို့ကို လည်းကောင်း၊ ဆောင်းသီးနှံမျိုးစုံ ဧက ၁၅၇၀ စိုက်ပျိုးနိုင်မှုတို့ကို လည်းကောင်း ရှင်းလင်း တင်ပြသည်။

ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်တင်က ကော့သောင်းခရိုင်၏ မြေအသုံးချမှုအခြေအနေနှင့် စိုက်ကေတိုးမြှင့်ရေးအတွက် စိုက်ပျိုးမြေဖော်ထုတ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရော်ဘာစိုက်ပျိုးမှု

ဆက်လက်၍ ကော့သောင်းခရိုင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးသန်းထိုက်က ကော့သောင်းခရိုင်အတွင်း ဆီအုန်းဧက ၁၁၀၃၅၀ ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် လျာထားပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၆၂၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၄၆၁၁၄ ဧက လျာထားမှုအခြေအနေ၊ ရော်ဘာစိုက်ပျိုးမှု အနေဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်အထိ ၂၅၁၄ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၄-၂၀၀၅ မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ဧက ၃၀၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားမှု၊ ယခုအခါ ၇၆၉ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သဖြင့် ကျန် ၂၂၃၁ ဧကကို သတ်မှတ်ကာလအတွင်း အပြီးစိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်နေမှုအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ကော့သောင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုးနှင့် စီမံကိန်းဦးစီးဌာန ကော့သောင်းခရိုင် ဦးစီးမှူး ဦးဝင်းနိုင်တို့က ကော့သောင်းခရိုင်အတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ကော့သောင်းခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကိုမှာကြားပြီး အမှာစကားပြောကြားရာတွင် မိမိသည် ဤတနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိနှင့်အတူ ဝန်ကြီးဌာနကိုယ်စားပြုသော ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း လိုက်ပါလာကြကြောင်း၊ ဒေသ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် တစ်နိုင်ငံလုံး ၌ တစ်ဦးချင်းဝင်ငွေ ဒုတိယအများဆုံးရှိသော တိုင်းတစ်တိုင်း ဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းကို နိုင်ငံတော်က များစွာအားထားလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားထားစရာ သဘာဝအခြေခံကောင်းများ အလားအလာ များစွာရှိကြောင်း။

မိမိတို့နိုင်ငံတော်သည် ကမ္ဘာ့နိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မှု အတော်အတန်ရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံကို တိုးတက်နေသော ကမ္ဘာနှင့် အညီ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျ မကျန်ရစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းခိုင်မာအောင် မိမိတို့အားလုံး လူမှုရေးအသင်းအဖွဲ့များ အပါအဝင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ် အေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးတို့အတွက် မျှော်မှန်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်မှု စွမ်းပကားကြောင့် ယခုအခါ အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

ဇာတ်ကားသစ်များရုံဝင်လာခြင်းမရှိဘဲ ကြိုးနှစ်စဆက်လက်ပြသ ရွှေ့ဆောင်နှင့် နေပြည်တော်ရုံတွင် နိုင်ငံခြားဇာတ်ကားရုံတင်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၁၆

ဝတ္ထုဇာတ်ညွှန်းနှင့် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွင့်တို့ ရိုက်ကူးသော ‘ကြိုးနှစ်စ’ ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက် ပြသလျက်ရှိသည်။

နိုင်ငံခြားဇာတ်ကား

ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာ Cory Yuenရိုက်ကူးသည့် So Close ဇာတ်ကား ပြသနေပြီး နေပြည်တော်ရုံ၌ National Treasureဇာတ်ကား ပြသလျက်ရှိသည်။ So Closeမှာ ကြေးစားလူသတ်သမား ညီအစ်မနှစ်ဦး၏ ကွန်ပျူတာ ကျွမ်းကျင်မှုဖြင့် ဆော့ဖ်ဝဲနှင့် ဂြိုဟ်တုဆက်သွယ်ရေး စနစ်သုံးပြီး ဒုစရိုက်ဂိုဏ်းလောကတွင်ကျယ်နေပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။ National Treasureဇာတ်ကားမှာ ၁၉ရာစုက ရတနာသိုက်ကို စွန့်စွန့်စားစား ရှာဖွေဖော်ထုတ်လိုက်သော အက်ရှင်ကားဖြစ်သည်။

ငိုအားထက်ရယ်အားသန်

နဝဒေးရုပ်ရှင်ရုံတွင် လွင်မိုး၊ ဓာဂနာ၊ မင်းဟိဏ်း၊ သျှားညို၊ အိန္ဒြာကျော်ဇင်၊ မေသဉ္ဇာဦး၊ မြင့်မြင့်ခိုင်တို့ ခေါင်းဆောင်ပါဝင်ထားသော **ငိုအားထက်ရယ်အားသန်**ဇာတ်ကား ပြသနေသည်။

ငှက်ကလေးရဲ့ဒဏ္ဍာရီ

ဒွေး၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ လင်းဇာနည်ဇော်တို့ ခေါင်းဆောင် ပါဝင်ထားသော **‘ငှက်ကလေးရဲ့ဒဏ္ဍာရီ’** ဇာတ်ကားမှာ ရွှေဂုန်ရုပ်ရှင်ရုံ မြေညီထပ်တွင်ပြသနေပြီး အပေါ်ထပ်တွင် အိန္ဒိယဇာတ်ကား Yes Boss ပြသနေသည်။ မြို့မရုံတွင် Jaani Dushman စွမ်းအားရှင် မြွေ ဇာတ်ကား ပြသလျက်ရှိသည်။

(မြန်မာ့အလင်း)

‘စွမ်းအားရှင်မြွေ’ဇာတ်ကားမှ လှုပ်ရှားမှုတစ်ကွက်။

‘ကြိုးနှစ်စ’မှ ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

‘လျှို့ဝှက်သောနှင်း’မှ လွင်မိုး၏ ရေခဲတောင်ခရီး။

လျှို့ဝှက်သောနှင်း ရုံတင်မည်

ဂျူး၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသည့် **‘လျှို့ဝှက်သောနှင်း’** မကြာမီ ရုံဝင်လာမည်ဖြစ်သည်။ လျှို့ဝှက်သောနှင်းတွင် လွင်မိုး၊ လူမင်း၊ ညွှန့်ဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်တို့ ခေါင်းဆောင် ပါဝင်ထားသည်။ ကချင်ပြည်နယ်ရှိ ရေခဲတောင်များ၏ အလှသဘာဝ၊ လျှို့ဝှက်ချက်များကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆဋ္ဌဂံ ရိုက်ကူးပြီးစီးလုနီး

ရန်ကုန် မတ် ၁၆

ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးပြီး ကိုယ်ဝန်ဆောင် ခြောက်ဦးအဖြစ် မြင့်မြင့်ခိုင်၊ ထွန်းအိန္ဒြာဗို၊ မျိုးသန္တာထွန်း၊ ခင်ဇာခြည်ကျော်၊ စိုးမြတ်နန္ဒာနှင့် ဆုရှန်းလဲ့တို့ ပါဝင်သရုပ်ဆောင်ထားသော ဆဋ္ဌဂံဇာတ်ကားမှာ ရိုက်ကူးပြီးစီးလုနီးနေပြီ ဖြစ်သည်။ အသက်အရွယ် ဥစ္စာဓနအခြေအနေချင်း မတူညီသော ကိုယ်ဝန်သည် ခြောက်ဦး၏ မိသားစု ဘဝ သရုပ်ဖော် ဇာတ်ကားဖြစ်သည်။ စာရေးဆရာမ မစန္ဒာ၏ အမျိုးသားစာပေဆုရ ဝတ္ထုရှည်ကို ရုပ်ရှင်အဖြစ်ပုံဖော် တင်ဆက်ထားခြင်း ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးဂုဏ်ပြု စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူ ငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. T. Jasudasen၊ ဖိတ်ကြားထားသူများနှင့်အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ Singapore Association of Myanmar (SAM) က ငွေကျပ်သိန်း ၄၀၊ ဦးတင်စိန်-သီရိသုမ္ဗသီဂီဒေါ်နန်းခမ်းတစ်မိသားစု (မြန်မာယူနီဗာဆယ်ဘဏ်)က ငွေကျပ်သိန်း ၂၀၊ ဦးတာဝေ-ဒေါ်ခင်စောလှိုင်မိသားစု (ဝေမိသားစုကုမ္ပဏီ)က ငွေကျပ် သိန်း ၂၀၊ ဦးထွန်းအောင်-ဒေါ်သန်းမြင့်မိသားစု(ခနလင်းကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၀ သိန်း၊ ဦးနော်အောင်-ဒေါ်နန်းဖောင်းလှိုင်မိသားစု၊ ဦးကြည်ဦး(ခ)မုဒ့ံမောင်-ဒေါ်သန်းသန်းဦး မိသားစု(မုဒ့ံမောင်မောင် ကားပစ္စည်း ရောင်းဝယ်ရေး)၊ ဦးရုံးမှူ- ဒေါ်ပဲ့နန်း မိသားစု (Green Light Company)၊ဦးစိုင်းတစ်အောင်-ဒေါ်နန်းယုန်း မိသားစု (နောင်တုံကုမ္ပဏီ)နှင့် MO Asia Company Ltd.- Dumex တို့က ငွေကျပ်ငါးသိန်းစီ၊ New Fashion Designer Group က စက်ချုပ်နည်းဗွီစီဒီခွေ ၄၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ Singapore Association of Myanmar (SAM) ဥက္ကဋ္ဌ Mr. Teddy Chia က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ဗဟို အလုပ်အမှုဆောင်များနှင့်အလှူရှင်များသည် ခန်းမအတွင်းပြသထားသော အသင်း၏ လှုပ်ရှားမှု ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အစည်းအဝေးကို ကြိုဆိုဂုဏ် ပြု သောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ် လှူဒါန်းပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အလှူရှင်တစ်ဦးမှလှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း

နှစ်ပတ်လည်အကောင်းဆုံး စာမူဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် မတ် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီစာပေတိုက်မှ ၂၀၀၄ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆု ရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မာလာဝင်း(မြစ်သာစည်)က ဒုတိယဆု နှင့်ကိုကိုဆန်နီ(သီဂီရွှေရည်)က တတိယဆု အသီးသီးရရှိကြသည်။

၂၀၀၄ခုနှစ်အတွက် မြဝတီမဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံး ကဗျာဆုကို ကို(တက္ကသိုလ်)၏ 'တောကျောင်းဥပုသ်'(၁/၂၀၀၄)ကလည်းကောင်း၊ အကောင်းဆုံးကာတွန်းဆုကို ကာတွန်းဇာမှူး(၈/၂၀၀၄)ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ညွှန့်ဟံ(ကြူတော)၏ 'မင်းလက်ဝဲနော်ရထာနှင့် ဓာတ်မာန်စာပေ'(၇/၂၀၀၄)ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို စိမ်းစိုဦး၏ 'ကတ္တီပါထဲက အပ်တစ်ချောင်း'(၉/၂၀၀၄)က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မောင်ရည်သွေး၏ 'သူတို့ဘဝ အလှကိုယ်စီ'(၁၁/၂၀၀၄)နှင့် (၁၂/၂၀၀၄)ကလည်းကောင်း ရရှိကြသည်။

ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည်အကောင်းဆုံးကဗျာဆုကို မြေလတ်မင်းလွင်၏ 'မိခင်ရောဝတီ'(၁/၂၀၀၄)ကလည်းကောင်း၊ အကောင်းဆုံးကာတွန်းဆုကို ကာတွန်းမောင်တင်ယု(၉/၂၀၀၄)က လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို တင်ထွန်းဦး(ယဉ်ကျေးမှု)၏ 'နဲ့ဆရာကြီး စိန်မြရှင်'(၁၂/၂၀၀၄)က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို မအူပင်လွင့်ကျော်၏ 'အသွားအပြန်' (၃/၂၀၀၄)က လည်းကောင်း၊ အကောင်းဆုံး ဝတ္ထုရှည်ဆုကို ဝင်းလဲ့ဖြူ၏ 'အချစ်ဦးရယ် ခွင့်လွှတ်ပါ' (၇/၂၀၀၄)နှင့်(၈/၂၀၀၄)ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်မည့်နေ့ရက်နှင့်နေရာကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဘရူနိုင်းဘုရင့်ဖလား(ယူ-၂၁) ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က ဘရူနိုင်းလူငယ်ကို ခြောက်ဂိုးပြတ်နိုင်

ရန်ကုန် မတ် ၁၆

၂၀၀၅ ခုနှစ် ဒုတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား(ယူ-၂၁) လူငယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်ကို ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘီဂါဝမ်မြို့၌ကျင်းပရာ မြန်မာလူငယ်အသင်းက ဘရူနိုင်းလူငယ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ် အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် အသင်းခေါင်းဆောင် ရန်ပိုင်က ပယ်နယ်တီဧရိယာအပြင်ဘက်မှ အမြောက်ကန်သွင်းယူသည်။ ပထမပိုင်းအပြီးတွင် မြန်မာလူငယ်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

မြန်မာလူငယ်အသင်းက ဒုတိယပိုင်းတွင် ငါးဂိုး ထပ်မံသွင်းယူခဲ့ရာ ဒုတိယဂိုးကို ပွဲချိန် ၄၆ မိနစ်တွင် ဇော်ဇော်ကလည်းကောင်း၊ တတိယဂိုးကို ၆၇ မိနစ်တွင် ရန်ပိုင် **(အပေါ်ပုံ)** ကလည်းကောင်း၊ စတုတ္ထဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် မာလကလည်းကောင်း၊ ပဉ္စမဂိုး နှင့် ဆဋ္ဌမဂိုးကို ပွဲချိန် မိနစ် ၈၀ နှင့် ပွဲချိန် ၈၆ မိနစ်တွင် ဆန်းဒေးသိန်းက လည်းကောင်း သွင်းယူပေးသည်။

အုပ်စု(ခ)တွင် မြန်မာလူငယ်အသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင် (၆)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဘရူနိုင်းလူငယ်အသင်းက နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ်၊လာအိုလူငယ်အသင်းက နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃)မှတ် ရရှိထားပြီး စင်ကာပူလူငယ် အသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။

မြန်မာလူငယ် အသင်းသည် မတ် ၁၈ ရက်တွင် တတိယပွဲစဉ်အဖြစ် လာအိုလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာလူငယ်အသင်းတွင် (ဂိုး) ဖြိုးမင်းမောင်၊ (နောက်တန်း)ဝင်းမင်းထွဋ်၊ ကျော်ခိုင်ဝင်း၊ မိုးဝင်း၊ အောင်ထွန်းလင်း၊ (အလယ်တန်း) ဘိုဘိုအောင်၊ (ကျော်ဇင်ဝင်း)၊ ဇော်ဇော် (ကျော်သူရ)၊ ခင်မောင်ထွန်း၊ မျိုးမင်းထွန်း၊ (ရှေ့တန်း)ရန်ပိုင်နှင့်မာလ (ဆန်းဒေးသိန်း)တို့ ပါဝင်ကစားခဲ့ကြသည်။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၉ မှ

ယခုကဲ့သို့ ကျောင်းသားလူငယ်များအပေါ် ခေါင်းပုံဖြတ်စီးပွားရှာကြသူများကို ပုံနှိပ်အက်ဥပဒေ ပုဒ်မ(၁၇)နှင့် ပုဒ်မ(၂၀)တို့အရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ(၁၇)အရ မှတ်ပုံတင်မပါဘဲ ပုံနှိပ်ထုတ်ဝေလျှင် အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ်၃၀၀၀မှ အများဆုံးကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း၊ အလားတူ ပုဒ်မ(၂၀)အရ နည်းဥပဒေသို့မဟုတ် အမိန့်ကိုမလိုက်နာသည့်အတွက် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးခုနစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ကျပ် ၃၀၀၀မှ အများဆုံးကျပ်၃၀၀၀၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ခြင်းခံရမည် ဖြစ်ကြောင်း။

ထို့ကြောင့် ဝိသမစီးပွားရေးသမား များအနေဖြင့် မိမိတို့အနာဂတ်နိုင်ငံ၏ ကျောင်းသားလူငယ်များနှင့် ပညာရေးစနစ်ကို ပျက်စီးအောင် ဖျက်ဆီးရာရောက်သည့် ထိုကဲ့သို့ ပြစ်မှုမျိုးကို ရှောင်ကြဉ်ကြပါရန် သတင်းစာဆရာကြီးများမှ တစ်ဆင့် အသိပေးလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော သတင်းစာဆရာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ **(ပြန်လည်ရှင်းလင်းဖြေကြားချက်များကို သီးခြားဖော်ပြထားပါသည်။)**

ဖမ်းဆီးရမိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)၌ ပြသထားသော တာချီလိတ်မြို့နယ် ထော်တော့အတွင်းရွာတွင် တရားခံများနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၄၇၀၊ လက်နက် ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် ၁၇-၁-၂၀၀၅ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၁၆

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)တွင် မတ် ၁၃ရက် ၁၇း၃၀ နာရီ၌ ကစားဖော်များဖြစ်သော သိန်းဇော်မြင့်၊မြင့်ရွှေနှင့်ဇော်ဝင်းရှိန်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ စိုးကျော်နိုင်သည် ကျင်းအမှတ်(၁၅)၊၁၅၈ကိုက်အကွာမှ Srixon Zur No.2ဘောလုံးအား Srixon(302) No.7တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

မိုးရေချိန်စံချိန်သစ်များ

ရန်ကုန် မတ် ၁၆

ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ မတ်လ၏ ၂၄နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်သစ်ဟောင်း		နေ့ရက်	စခန်းမှတ်တမ်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		ကာလ(နှစ်)
၁။	ပြင်ဦးလွင်	၃၄	၁.၃၄	၃၃	၁.၃၀	၂၈.၃.၉၆	(၁၃)နှစ်
၂။	ပင်လောင်း	၃၂	၁.၂၆	၃၁	၁.၂၂	၂၆.၃.၉၄	(၃၈)နှစ်

ညောင်ဦးမြို့နယ် လူထုအလင်းပြ ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

သုတ၊ ရသစာအုပ်မျိုးစုံလှူဒါန်း၊ ပညာရည်ချွန်ဆုချီးမြှင့်

ညောင်ဦး မတ် ၂

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ညောင်ဦးမြို့နယ် တက်မ(ညောင်ဝန်း) ကျေးရွာလူထုအလင်းပြစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်၊ ကျေးရွာဥက္ကဋ္ဌဦးရွှေကွန်း နှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးငွေမောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးရွှေကွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေသက်နွယ်က စာကြည့်တိုက် ပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် စာအုပ်များပေးအပ် လှူဒါန်းကြရာ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစံမြို့ လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံ ၁၀၀ကျော်ကို အလှူရှင်ကိုယ်စား ဦးရွှေကွန်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဝင်းရှိန်က လက်ခံရယူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် တောင်တွင်းကြီး ဦးစောလှိုင် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို လူထုအလင်းပြစာကြည့်တိုက်၌ကျင်းပရာ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ်တွင် ဒသမတန်းအောင်မြင်၍ ပထမဆုရသူ မောင်ဘုန်းမြင့်နိုင်အား ခရိုင်ဒုတိယဦးစီးမှူးက ဆုချီးမြှင့်ပြီး ဒုတိယဆုရသူ မောင်နိုင်လင်းအား ကျေးရွာဥက္ကဋ္ဌက ဆုပေးအပ်ချီးမြှင့် ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

မတ် ၁ ရက်က မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ် မှူး ကြီး ကြည် ထွန်း နှင့် ခရိုင်၊ မြို့နယ် စိုက်ကြပ် အဖွဲ့ များ မကွေးမြို့နယ် မြင်းကွန်းရွာအနီး မြင်းကွန်းမြစ်ရေတင်ကာ နွေစပါးအတွက် ရေတင်ပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

မတ် ၃ရက်က ရွှေဘိုမြို့နယ် ကွန်ဆိပ် ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ် တံတားကို စစ် ကိုင်း တိုင်း စည် ပင် သာ ယာ ရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင် ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခရမ်းမြို့နယ်တွင် ကန်သာယာကျေးလက်စာကြည့်တိုက်ဖွင့်

ရေရှည်တည်တံ့ရေးဆွေးနွေး၊ သုတ ရသ စာအုပ်မျိုးစုံလှူဒါန်း

ခရမ်း မတ် ၁၃

ခရမ်းမြို့နယ် ကံသာကျေးရွာတွင် ကန်သာယာကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ရက် နံနက်က အဆိုပါကျေးရွာစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တာဝန်ခံ ဒေါ်ရီရီလွင် (စာကြည့်တိုက်လက်ထောက်-၃)၊ ကံသာကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အလှူရှင်ဦးဝင်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင့်လွင်က အမှာစကားပြောကြားပြီး စာကြည့်တိုက် အလှူရှင် ဦးဝင်းဇော်က စာကြည့်တိုက် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်း ပြောကြားပြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ခံ ဒေါ်ရီရီလွင်(စာကြည့်တိုက်လက်ထောက်-၃)က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆောက်လုပ်လှူဒါန်း

ကံသာကျေးရွာ ကန်သာယာ စာကြည့်တိုက်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း အမှတ်(၃၆)နေ အလှူရှင်ဦးဝင်းဇော်-ဒေါ်စန်းစန်းမိုး မိသားစုက ဆောက်လုပ်လှူဒါန်းပြီး သုတ၊ ရသမဂ္ဂဇင်းမျိုးစုံ ၄၇၀နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသမဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်သန်းက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြန်အောင်မြို့နယ်တွင် ကျေးလက်မဲဇင်းတံတားဖွင့်

မြန်အောင် မတ် ၁၅

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ပြီးစီးခဲ့သော မဲဇင်းတံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက်က အဆိုပါတံတား မုခ်ဦးရှေ့တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းချစ်၊ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(အောက်ပုံ) (မြို့နယ် စည်ပင်)**

သာယာဝတီ သာယာကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

သာယာဝတီ မတ် ၁၀

သာယာဝတီမြို့နယ် ဒေါဝ်အုပ်စု သာယာကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ရဲ+မြကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂ရက်နံနက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပသည်။

ရှေးဦးစွာ ရဲ+မြကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့် အလှူရှင်ဦးရဲဒင်(သီဟသုဓမ္မမဏိဇောတဓရ)၏ဇနီး ဒေါ်မြအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ခရိုင်ပညာရေးမှူးတို့က အမှာစကားများပြောကြားကြသည်။

လှူဒါန်း

ဆက်လက်၍ စာအုပ်များကို အလှူရှင်များကလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက လက်ခံရယူသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို အလှူရှင်ဦးရဲဒင်(သီဟသုဓမ္မမဏိဇောတဓရ)နှင့် ဒေါ်မြအေး မိသားစုတို့က ဆောက်လုပ်၍ စုစုပေါင်းငွေကျပ် ၁၅သိန်းခန့် အကုန်အကျခံကာ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖျာပုံ-ဂေးဂု မြေသားလမ်း ဖောက်လုပ်

ဖျာပုံ မတ် ၄

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ထွန်းတို့သည် ဖေဖော်ဝါရီ ၁၇ရက်က ဖျာပုံ-ဂေးဂု မြေသားလမ်း ဖောက်လုပ်သည့် လုပ်ငန်းခွင်အား ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဖျာပုံမြို့နှင့် ဂေးဂုကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်း အရှည် ၁ မိုင် ၄ ဒသမ ၆ဖာလုံအား ငွေကျပ် ၄၉သိန်း အကုန်အကျခံ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက ဖျာပုံမြို့နှင့် ဂေးဂုကျေးရွာအား အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ ကျီးနှစ်ပင်ထိန်ဝိုင်း၊ သုံးသပ်၊ ကျွဲစားကျက်စသည့် ကျေးရွာများမှ ဖျာပုံမြို့သို့အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။ **(၁၅၈)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်သိန်း ၇၀ဖြင့် အကုန်အကျခံ ဆောင်ရွက်လျက်ရှိသော နောင်ကုန်ကျေးရွာ ကွန်ကရစ်တံတား အရှည်ပေ ၆၀၊ အကျယ် ၁၆ပေကို ဖေဖော်ဝါရီ ၂၄ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ် လားရှိုး၌ကျင်းပ

လားရှိုး မတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အဆင့် ဒုတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ ၂နာရီက လားရှိုးမြို့ မိုတယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီး ဌာနဝန်ကြီး၏ မိန့်ခွန်းကို တွဲဖက် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက ဖတ်ကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန့် စင်က အမှာစကား ပြောကြားသည်။

ထို့နောက်ပြည်နယ်အနာကြီးရောဂါ အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာ ဇော်မျိုးထွန်းက ရှင်းလင်းပြောကြား ရာ တက်ရောက်လာကြသူများက ဆွေးနွေး အကြံပြု တင်ပြကြသည်။ ဆက်လက်၍ တက်ရောက်လာသူများ ကို အနာကြီးရောဂါကင်းဝေးရေး ပညာပေး ဗီဒီယိုဇာတ်ကားနှစ်ကားဖြင့် ပြသခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၃ ရက်က စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာတိုင်း စာကြည့်တိုက်ဖွင့်လှစ်ရေး စီမံချက်အရ အင်ကြင်းပင်လု အနောက်ရွာ အင်ကြင်းရိပ်စာကြည့် တိုက်ဖွင့်ပွဲကျင်းပရာ စာကြည့်တိုက် အကျိုးတော်ဆောင်

နာယကဆရာတော်ဦးဝဏ္ဏိတ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်မောင်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌဦးပေါက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မအူပင်မြို့နယ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှု ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂ ရက်က မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် စီမံကိန်း တာဝန်များ ပေးအပ်စဉ်။ (၄၂၁)

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၁၀ရက်က စစ်ကိုင်းတိုင်း ခန္တီးမြို့တွင်ရှိ ကတ္တရာလမ်းပေါက်များ ဖာထေး ပြုပြင်မှုကို မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့အငယ်တန်းအင်ဂျင်နီယာ (၃)ဦးအောင်ဝေထွန်း ကြီးကြပ် ဆောင်ရွက်မှုကို အမှုဆောင် အရာရှိဦးလှမိုး ကြည့်ရှုစစ်ဆေး စဉ်။ (မြို့နယ်စည်ပင်)

အမှာစကားပြော

ဖေဖော်ဝါရီ ၂၈ရက်က အဋ္ဌမ အကြိမ်မြောက်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အခမ်းအနားကို ကြို့ပင်ကောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်း အမှာစကားပြောကြား စဉ်။ (၀၄၀)

ကော့ကရိတ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်

ကော့ကရိတ် မတ် ၁

ကော့ကရိတ်မြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့က ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာဖြင့် အောင်မြင်ကြသူများအား ပညာသင် စရိတ် ထောက်ပံ့ချီးမြှင့်ခြင်း အခမ်း အနားကို ဖေဖော်ဝါရီ၁၉ရက် နံနက် ၈နာရီက မြို့နယ်စစ်မှုထမ်းဟောင်း ခန်းမ၌ ကျင်းပရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထောက်ပံ့

ဆက်လက်၍ ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပွဲ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မဝင်းဝင်းဖြိုး နှင့် တစ်ဘာသာဂုဏ်ထူးရှင် မစုမွန် အောင်တို့အား ပညာသင်စရိတ်များ ထောက်ပံ့ချီးမြှင့်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

အလှူရှင်စက်ရေတွင်းများ ဆင်ပေါင်ဝဲတွင်တူးဖော်

ဆင်ပေါင်ဝဲ မတ် ၃

ဆင်ပေါင်ဝဲမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ကျေးလက်ဒေသ များ သန့်ရှင်းသော သောက်သုံးရေရရှိ ရေးအတွက် ဖေဖော်ဝါရီ ၁၃ရက်က နဝမအကြိမ် အလှူရှင် လှူဒါန်းငွေဖြင့် မောက်တင်လေး၊ ဆင်မတောင်၊ လက်ယက်နှင့် ထောက်မကျေးရွာများ တွင် နှစ်လက်မ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပြီးစီးမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ရွှေက ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ကျောက်ပန်းတောင်းမြို့နယ် ပညာရေးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျောက်ပန်းတောင်း မတ် ၁

ကျောက်ပန်းတောင်းမြို့နယ်ပညာရေးဌာန၏ ၂၀၀၄ခုနှစ်လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ဖေဖော်ဝါရီ၁၄ရက် နံနက်က မြို့နယ်ပညာရေးမှူးရုံး အစည်း အဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူး များ၊ အထက်တန်း၊ အလယ်တန်း မြို့ပေါ် ၁၂ရပ်ကွက်မှ မူလတန်းကျောင်းအုပ် ဆရာ၊ ဆရာမများနှင့် ပညာရေးမှူးရုံးအဖွဲ့ဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်ပညာရေးမှူးဒေါ်အကြူက အမှာစကား ပြောကြားပြီး ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြ ကြောင်း သိရသည်။ **(၀၆၁)**

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၂၁-၃-၂၀၀၅ (တနင်္လာနေ့)

- ❑ Psycholinguistics (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Psycholinguistics (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၂၂-၃-၂၀၀၅ (အင်္ဂါနေ့)

- ❑ Research Methodology (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Research Methodology (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Research Methodology (3)+(4)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၂၃-၃-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

- ❑ Teaching Business English (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Teaching Business English (2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၂၄-၃-၂၀၀၅ (ကြာသပတေးနေ့)

- ❑ Error Analysis (1)+(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Error Analysis (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၂၅-၃-၂၀၀၅ (သောကြာနေ့)

- ❑ Teaching Listening Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Developing Speaking Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❑ Developing Reading Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ/ဆရာမများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၆-၃-၂၀၀၅ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၇-၃-၂၀၀၅ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

ဖေဖော်ဝါရီ ၁၀ ရက်က မြောင်းမြမြို့ ရှမ်းကုန်းပိုင်း အမှတ် (၂၅) အခြေခံပညာ မူလတန်း ကျောင်း မိဘဆရာ အသင်း နှစ်ပတ်လည်အစည်း အဝေးပွဲနှင့် ပညာ ရည်ချွန် ဆုပေးပွဲ တွင် သူငယ်တန်းမှ စတုတ္ထတန်း အထိ ငါးနှစ် ဆက်တိုက် ပထမရ မမိုးစံပယ် ဖြူနှင့် မအင်ကြင်း ခိုင် တို့အား ဆုယူ အပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီး မာနှင့်အတူ တွေ့ရ စဉ်။

(ခရိုင်ပြန်/ဆက်)

သတ်မှတ်အရည်အချင်းပြည့်မီသူ လူငယ်များကိုသာ ၎င်းတို့ဆန္ဒအလျောက်စစ်မှုထမ်းခွင့်ပြုမှု ဌာနေကိုယ်စားလှယ်များအထောက်အထားနှင့်အတူ ကိုယ်တွေ့မျက်မြင်လေ့လာဆန်းစစ်ခဲ့ကြ ဆန်းစစ်ချက်အရ မြန်မာနိုင်ငံအပေါ် တပ်မတော်သားအဖြစ်အဓမ္မစုဆောင်းခြင်းစွပ်စွဲချက်များယွင်း

ဝိသမလောဘစီးပွားရေးသမားများ တက္ကသိုလ်ဝင်စာမေးပွဲများကို စီးပွားရှာရာအကွက်အကွင်းအဖြစ်ရှုမြင် နိုင်ငံတော်ကချမှတ်ထားသည့်ပညာရေးမူဝါဒကို ဖျက်လိုဖျက်ဆီးပြုသည့်အပြင် လူငယ်များ၏စာရိတ္တကိုပါဖျက်ဆီး ကျောင်းသားလူငယ်များအပေါ် ခေါင်းပုံဖြတ်စီးပွားရှာသူများကို ပုံနှိပ်အက်ဥပဒေအရ အရေးယူသွားမည်

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)ကို ယမန်နေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ကုလသမဂ္ဂအစီရင်ခံစာတွင် ကလေးစစ်သားများအသုံးပြုသောနိုင်ငံများ၌ မြန်မာနိုင်ငံလည်း ပါဝင်သည်ဟူသော ဖော်ပြမှုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်ကလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ မသမာသောနည်းဖြင့် အသုံးပြုရန်အတွက် မိုက္ကရိုစာအုပ်ငယ်များ ပြုလုပ်ရောင်းချ စီးပွားရှာနေကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီကလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ကုလသမဂ္ဂအစီရင်ခံစာတွင် ကလေးစစ်သားများအသုံးပြုသော နိုင်ငံများ၌ မြန်မာနိုင်ငံလည်းပါဝင်သည်ဟူသော ဖော်ပြမှုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းပြောကြားရာတွင် ယနေ့သတင်းစာရှင်းလင်းပွဲ၏ မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ဘက်စုံသယ်ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်နှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကိုလည်း ကာကွယ်စောင့်ရှောက် မြှင့်တင် မြှောက်ပေးနေကြောင်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသော သတင်းစာဆရာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။

(သတင်းစဉ်)

ကျေးရွာအဆင့်ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာကို နိုင်ငံတော်အဆင့်ရောက်အောင် အိုင်အယ်လ်အိုကစွပ်စွဲချက်များတင်ပြီး ဖိအားပေးနေခြင်းဖြစ်

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း

နိုင်ငံတော်အစိုးရနှင့်ကေအင်န်ယူတို့ အမြဲတိုက်ရိုက်အဆက်အသွယ်ရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ကေအင်န်ယူအဖွဲ့တို့ ဆွေးနွေးမှုတိုးတက်မှုရှိ

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးခွန်ထွန်းဦးအနေဖြင့် တရားရုံးချုပ်ရှေ့နေနှစ်ဦး ငှားရမ်းထား နိုင်ငံတော်က ဥပဒေနှင့်အညီတရားခံရသင့်သည့်အခွင့်အရေးရရှိရန်ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ရန်ကုန် မတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)ကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူးဦးညွန့်တင်နှင့် အသင်းဝင်သတင်းထောက်များ၊

စာမျက်နှာ ၆ ကော်လံ ၁ *

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး